မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၄ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၂၆၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိင်္ဂါလောဝါဒ သုတ္တန်လာ လူ့ကျင့်ဝတ်များ

အမှတ်စဉ် (၁)

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွအသွား လမ်းတွင် ရာဇဂြိုဟ်သူဌေးသား သိင်္ဂါလသည် သူ့၏ဖခင် မှာကြားခဲ့သည့်အတိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက် ဟူသော အရပ်ခြောက်မျက်နှာကို ရှိခိုးလျက်နေသည်ကို တွေ့မြင်တော်မူ၍ ရှိခိုးသင့် ရှိခိုးထိုက်၊ ပူဇော်သင့် ပူဇော်ထိုက်သော အရပ်မျက်နှာတို့မှာ မိဘ ဆရာသမား စသည်တို့ကို တင်စားခေါ်ဆိုထားခြင်းဖြစ်ကြောင်းကို ဟောကြားတော်မူ၏။

အရပ်ခြောက်ပါး

၁။	မိဘသည်	အရှေ့အရပ်
၂။	ဆရာသမားသည်	တောင်အရပ်
၃။	သားမယားသည်	အနောက်အရပ်
၄။	မိတ်ဆွေသည်	မြောက်အရပ်
၅။	အလုပ်သမားသည်	အောက်အရပ်
၆။	ရဟန်းသံဃာသည်	အထက်အရပ်

သားသမီးကျင့်ဝတ် ၅ ပါး

အရှေ့အရပ်ဟုဆိုအပ်သော မိဘတို့အပေါ်၌ သားသမီးတို့က ပြုကျင့်ရမည့် တာဝန်ဝတ္တရား ၅ ပါး ရှိကုန်၏။

(**လင်္ကာ** – ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဖွယ်သားတို့တာ)

၁။ မိဘတို့အား ကျွေးမွေးပြုစုခြင်း၊

၂။ မိဘတို့၏ လုပ်ငန်းကိစ္စများကို စီမံဆောင်ရွက်ပေးခြင်း၊

၃။ မိဘတို့ဆိုဆုံးမသည့်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် အမွေခံထိုက်အောင်နေထိုင်ခြင်း၊

၄။ ကွယ်လွန်သွားသော မိဘတို့အတွက် အလှူဒါနပြုလုပ်၍ ကုသိုလ်အဖို့ အမျှဝေခြင်း၊

၅။ မိဘတို့၏ အမျိုးအနွယ်ကို စောင့်ထိန်းခြင်းတို့ဖြစ်သည်။

ပုဂံရာဇဝင်တွင် ရှရီတြိဘဝနာဒိတျာဘွဲ့ အမည်ခံသသော ကျန်စစ်မင်းကြီး၏ သားတော် ရာဇကုမာရသည် မိဘကျေးဇူးသိတတ်သည့်အရာ၌ စံထားလောက်ပေသည်။ ရာဇကုမာရသည် တြိလောကဝဋ္ဋသကာဒေဝီဘွဲ့ခံ အပယ်ရတနာ မိဖုရား၏ သားတော်ဖြစ်၏။ ကျန်စစ်သားမင်းကြီးသည် ထီးမွေနန်းမွေကို သားတော်ရာဇကုမာရအား မပေးခဲ့ဘဲ မြေးတော် အလောင်းစည်သူအား ထီးနန်းလွှဲအပ်ခဲ့သည်။ သားတော်ရာဇကုမာရမှာ ထီးမွေနန်းမွေကို မရသည့်အတွက် မကျေနပ်သည့် အရိပ်အယောင်မတွေ့ရဘဲ အနန္တကျေးဇူးရှင်အဖြစ်သတ်မှတ်၍ ကျေးဇူးဆပ်ရန် အခွင့်အလမ်းကိုသာ စောင့်စားနေခဲ့သည်။ ခမည်းတော် ကျန်စစ်သားမင်းကြီး မကျန်းမာ၍ နတ်ရွာစံတော်မူခါနီးဆဲဆဲတွင် ရွှေဆင်းတုတော်တစ်ဆူ သွန်းလုပ်ပြီး ခမည်းတော်လက်သို့ ရေစက်သွန်းချလှူဒါန်းရန် အပ်နှံခဲ့လေသည်။ ခမည်းတော် ကျန်စစ်သားမင်းကြီးသည် ဆရာတော်ကြီးခုနစ်ပါးကို ပင့်၍ ရေစက်ချလှူဒါန်းလေသည်။ ယင်းရွှေဘုရားကို ဌာပနာ၍ တည်ထားသောစေတီတော်မှာ မြင်းကပါရွာအနီး၌တည်ရှိ၍ ဂူပြောက်ကြီးဘုရားဟု ဘွဲ့အမည် တွင်ခဲ့သည်။

ဤမျှဖြင့် မိအိုဖအို ပြုစုလုပ်ကျွေးစောင့်ရှောက်ခြင်းသည် ရှေးသူဟောင်းတို့ အစဉ်အဆက် ကျင့်သုံးခဲ့ကြသည့် ကောင်းမြတ်သော မင်္ဂလာကျင့်စဉ်တစ်ရပ်ဖြစ်ကြောင်း သိသာထင်ရှားလေသည်။ ။

(သာသနာရေး)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Tae-Yong Lee နှင့် အဖွဲ့အား ယနေ့ညနေ ၃နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းတို့ တက်ရောက်ကြပြီး ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr.Tae-Yong Lee နှင့်အတူ Mr.C.M.Rim၊ Mr.K.H Choi၊ Mr.J.H.Kim၊ Mr.G.S.Roh၊ Mr.P.S.Kim နှင့် Mr.Y.C Kang တို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

ပြည်သူအများ ပိုမိုအားထားလာသည့် မြို့ပတ်နှင့်ဆင်ခြေဖုံးရထားများ

မြန်မာနိုင်ငံတွင်လည်း မြို့ပြလူဦးရေ တိုးတက်များပြားလာခြင်း၊ ခရီးစရိတ်သက်သာခြင်းတို့ကြောင့် မြို့ပတ်ရထားများကို အားကိုးအားထားပြု စီးနင်းသူများပြားလာလျက်ရှိသည်။

ယခုအခါ ရန်ကုန်မြို့တွင် မြို့ပတ်ရထားစီးသူဦးရေ တိုးတက်များပြားလာလျက်ရှိရာ မြို့ပတ်ရထား ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးနေရပေသည်။

ရန်ကုန်မြို့တွင် နေ့စဉ်ပြေးဆွဲနေသော မြို့ပတ်ရထားများနှင့် ရန်ကုန်မြို့ဆင်ခြေဖုံးသို့ ပြေးဆွဲနေသည့် ဆင်ခြေဖုံးရထားများရှိသည်။

မြို့ပတ်ရထားတစ်စင်းတွင် အနည်းဆုံး ရထားတွဲခြောက်တွဲနှင့် ခုနစ်တွဲခန့်ပါသည်။ နံနက်ပိုင်း ရုံးတက်ချိန်၊ ကျောင်းတက်ချိန်များတွင် မြို့ပတ်ရထားခေါက်ရေများစွာ ပြေးဆွဲပေးပြီး နေ့လယ်ပိုင်းတွင် ခေါက်ရေ ပုံမှန်ပြေးဆွဲပေးသည်။ ညနေပိုင်းရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်များတွင် ခေါက်ရေပိုမို ပြေးဆွဲပေးလျက်ရှိသည်။

ဆင်ခြေဖုံးဒေသများသို့ ရန်ကုန်–တိုးကြောင်ကလေး–ရွာသာကြီးခရီးစဉ်၊ ရန်ကုန်–တိုးကြောင်ကလေး–ဒဂုံတက္ကသိုလ်ခရီးစဉ်၊ ရန်ကုန်–တိုးကြောင်ကလေး–ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ခရီးစဉ်နှင့် ရန်ကုန်–တိုးကြောင်ကလေး–သီလဝါခရီးစဉ်များကို နေ့စဉ်ပြေးဆွဲပေးနေသည်။

ရထားစီးရခြင်းသည် သက်သောင့်သက်သာရှိခြင်း၊ စရိတ်စကသက်သာခြင်း၊ ကျောင်းသားကျောင်းသူများ၊ ရုံးဝန်ထမ်းများအတွက် လပေးစနစ်ဖြင့် စီးနိုင်ခြင်းတို့ကြောင့် အားထားသူ တိုးတက်များပြားလာလျက် ရှိသည်။

မြို့ပတ်ရထားများ၊ ဘူတာရုံများကို သန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်ပေးခြင်း၊ ရထားဝင်ချိန်ထွက်ချိန် မှန်ကန်စေရေး ကြိုးပမ်းဆောင်ရွက်ပေးခြင်းတို့ဖြင့် မြို့ပတ်ရထားများကို ခရီးသွားပြည်သူအများ ပိုမိုအားကိုးအားထားပြုလာပြီး ခရီးသွားလာမှု ပိုမိုလွယ်ကူချောမွေ့မြန်ဆန်လာမည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနိကအဆောက်အအုံများ ဆောက်လုပ်ရေး လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၀)တံတားဖြူ ကန်လမ်း ကင်မွန်းခြံ လှိုင်မြင်းမိုရ်ရပ်ကွက်များ၏ ဂေါစရဂါမ်တွင် တည်ရှိသည့် ရတနာသိင်္ဃပရိယတ္တိစာသင်တိုက်၏ သာသနိကအဆောက်အအုံများကို တိုးချဲ့ရန်လိုအပ်နေပါသဖြင့် သဒ္ဓါကြည်လင်ပါရမီရှင်များ စုပေါင်းလျက် အလှူငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်ဖြင့် မတည်က ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသော ပါရမီရှင် သာသနာပြုပုဂ္ဂိုလ်များသည် ကျောင်းတိုက်တည်ရှိရာဆရာတော်၏ မျက်မှောက်၌ တာဝန်ခံပုဂ္ဂိုလ်ထံ လာရောက်၍ လှူဒါန်းနိုင်ပါကြောင်း နှင့် ဖုန်း–၅၂၇၆၃၃သို့ ဆက်သွယ်၍လည်း အလှူငွေများ ကြိုတင်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာနိုင်ငံ ပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ဌာန
(က) ဗိုလ်မှူးချုပ်ကျော်ကျော် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သံတမန်ရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဗိုလ်မှူးကြီးဌေးလွင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ဂ) ဦးမြတ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

လသာမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ဦးနှောက်နှင့် အာရုံကြော ဆေးရုံဝင်း အတွင်း မေ ၂၇ရက်က ကြက်ဆူပင် စုပေါင်း စိုက်ပျိုးပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

စပယ်ဖြူစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း လယ်မြေကော ၁၂၂၀ပေါ်၌ နှမ်းခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိ

နေပြည်တော် ဇွန် ၂၃

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၈ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ယွန်းပညာကောလိပ်သို့ ရောက်ရှိလာရာ ယွန်းကောလိပ် ကျောင်းအုပ်ကြီးက ယွန်းကောလိပ်၏ သမိုင်းကြောင်းနှင့် လက်ရှိဆောင်ရွက်နေပုံများကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော သမဝါယမလုပ်ငန်းများကိုလည်းကောင်း တင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး ယွန်းကောလိပ်၏ မြေအောက်ခန်း တည်ဆောက်ထားမှု၊ ယွန်းပညာနည်းစနစ်နှင့် ထုတ်လုပ်ထားသော ယွန်းထည်များ၊ အရောင်းခန်းမရှိ ယွန်းထည်များ၊ ယွန်းပန်းချီများ၊ ယွန်းပြတိုက်ရှိ ရှေးဟောင်းယွန်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဇွန်၁၉ရက်တွင် ကျောက်ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာနဝင်း အတွင်းရှိ UNDP Microfinance လုပ်ငန်းရုံးသို့သွားရောက်ပြီး တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း မကွေးမြို့သို့ ရောက်ရှိပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်အတူ တိုင်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစားပေး

အခမ်းအနားတွင် မကွေးတိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် အသင်းစုချုပ်ဥက္ကဋ္ဌတို့က အောင်မြင်မှုရှိသော လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရေး၊ အသင်းသားများ အကျိုးရှိအောင် ဆောင်ရွက်ပေးရေး၊ ချေးငွေများ အမြန်ပြန်လည်ပေးဆပ်ရေး စသည်တို့ကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အသင်းစုချုပ်ပိုင် ကုန်ကြမ်းတစ်နေ့ တန်၃၀ ကျ ဆီစက်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဇွန် ၂၀ရက် နံနက်ပိုင်းတွင် မကွေးမြို့ပေါ်ရှိ UNDP Microfinance လုပ်ငန်းရုံးသို့ ရောက်ရှိလာရာ အသင်းရုံး၌ လုပ်ငန်းတာဝန်ခံက လက်ရှိလုပ်ငန်း တိုးတက်မှုအခြေအနေများကိုတင်ပြရာ ဝန်ကြီးက ငွေကြေးလုံခြုံမှုနှင့် ဝန်ထမ်းများလုံခြုံမှုကို ဂရုတစိုက် ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ဒေသဆိုင်ရာ အာဏာပိုင်များထံ အကူအညီတောင်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မကွေးမြို့နယ် အစစမ်းရွာရှိ ရွှေတိုက်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းစု အသင်းဝင် စပယ်ဖြူစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ လယ်မြေကော၁၂၂၀ပေါ်၌ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသော နှမ်းခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၄–၆–၂၀၀၆

(စနေနေ့) နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာ့သံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၅ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဘဒ္ဒေကရတ္တသုတ်"**
- ၉း၁၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"သခွတ်ပန်း"** သရုပ်ဆောင်–ကျော်ရဲအောင်၊ ရဲအောင်၊ မို့မို့မြင့်အောင်
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄း၂၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၀၅ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ အံ့ဩဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၅၄)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၉။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Germany Vs Sweden (Live)

၂၅–၆–၂၀၀၆

(နံနက်ပိုင်း)

- ၀၁း၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Argentina Vs Mexico (Live)

ထစ်ချုန်းမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၃

ရွှေပြည်သာမြို့နယ် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့က ကြီးမှူးလျက် မဟာသံ့ဃာရဆရာတော် ဦးကုမာရ၏ မေတ္တာရိပ်ကိုခိုလှုံ၍ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဝဏ္ဏိတနှင့် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)တို့ ဦးဆောင်သော မြန်မာလဆန်းရရက်တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၆၉) ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို အုတ်ဖိုစုရပ် မြသိန်းတန်ကျောင်းတိုက်ရှိ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ ဇူလိုင်၂ရက် နံနက်၉နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၆၁၀၈၇၉၊ ၆၁၀၇၁၃၊ ၆၁၀၈၉၃သို့ ဆက်သွယ်စာရင်းသွင်းနိုင်သည်။ တရားစခန်းဖွင့်မည့်နေ့တွင် နံနက် ၇နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇေယျာအသင်းချုပ်သို့ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ (က–ပ)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

စေတနာရှင်များက အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၃

၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့”ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများက ငွေကျပ်သုံးသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း၃၀၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ငွေကျပ်ငါးသိန်းစီ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ငွေကျပ် တစ်သိန်းစီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ်သုံးသိန်း၊ ဗိုလ်မှူးမောင်လတ်(ငြိမ်း)–ဒေါ်နန်းယဉ်ယဉ်(စိုးစံဘော်ဒါဆောင်ပြင်ဦးလွင်မြို့)က ငွေကျပ် ၇၅သိန်း၊ ပြန် ကြားရေးဝန်ကြီးဌာနက ငွေကျပ်နှစ်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း၊ ဦးတေဇ(ထူးထရေးဒင်းကုမ္ပဏီ)၊ ဦးမောင်ဝိတ်(မောင်ဝိတ်မိသားစု)၊ ဦးအောင်သန်းဦး(ပင်လယ်ကိုးသွယ် ရောင်းဝယ်ရေးလုပ်ငန်း)၊ဦးမြင့်ဦး(သီဟရာဇာကုမ္ပဏီ)၊ ဦးမောင်မောင်အောင်(အဏ္ဏဝါအောင်ရေလုပ်ငန်း)၊ ရွှေဖျိုင်းဖြူကုမ္ပဏီ၊ ခနအောင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ ဦးနေအောင်–ဒေါ်ခင်မိုးညွန့် (အောင်ရီဖြိုးကုမ္ပဏီလီမိတက်)၊ ဦးအောင်မိုးကျော်(အင်တာနေရှင်နယ်ထရေးဒင်းကုမ္ပဏီလီမိတက်)၊ M.G.S Star Colar၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း–အဂ္ဂမဟာသီရိ သုဓမ္မသီဂိဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ)နှင့် ယုဇန ဦးဌေးမြင့်တို့က ငွေကျပ်၁၀သိန်းစီ၊ ဦးဇော်မိုးခိုင်–ဒေါက်တာစောနေနွယ်(သမီး)မီးမီးမိုး(A.A Medical Products Co.,Ltd.)နှင့် ဦးထွန်းမြင့်–ဒေါ်အေးအေးညွန့်(KSS Co., Ltd.)တို့က ငွေကျပ်ငါးသိန်းငါးသောင်းစီ၊ ဦးချစ်ခိုင်(ဒေးဗ်အုပ်စုကုမ္ပဏီလီမိတက်)၊ မြန်မာငါးဘုရင် (Myanmar King Fish Co.,Ltd.)၊ ကိုအောင်သန်းမြင့်နှင့်အစ်မ ဒေါ်စန်းစန်းမြင့်(Super Power Co.,Ltd.)၊ ဦးသိန်းဟံ (Tokyo Pipe Myanmar Pipe Co.Ltd.)၊ ဦးဇော်ဇော်–ဒေါ်ဌေးဌေးခိုင် (Mox Myanmar Co., Ltd.)၊ဒေါ်ခိုင်ဇော် (President Earth Industrial Myanmar Co., Ltd.)ဦးကျော်ကျော် (OK Myanmar Co., Ltd.) (SANYO) ၊ဒေါက်တာခင်စောရီ (မြန်မာအင်ပါယာအင်တာနေရှင်နယ်လီမိတက်နှင့်တော်ဝင်စံထားကုမ္ပဏီလီမိတက်)၊ ဦးရန်နိုင်နှင့်မြန်မာ့လယ်ယာ ကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးသိန်းမောင်– ဒေါ်ပါးပါးအမှုးထား၍ (စန္ဒီပရဆေးမိသားစု)က ငွေကျပ် သုံးသိန်းသုံးထောင်၊ ဦးဟိုစွမ်–ဒေါ်အေးအေးမူ (ဘုန်းဟန်ကျော် ရတနာရွှေဆိုင်)၊ ဦးညိုမင်း–ဒေါ်ဥမ္မာလွင်(Min Zar Ni Co., Ltd.)၊ မိုးဟိန်း ကုမ္ပဏီလီမိတက်၊ သီရိသုဓမ္မသီဂိ ဒေါ်အေးမြတ်နွယ် (Bagan Hotel & Tourism)နှင့် ဒေါ်မြင့်မြင့်အေး (ဆရာမ၊ ရွှေဘုံသာလမ်း)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးတင်လှ–အဂ္ဂမဟာသီရိသုဓမ္မသီဂိ(လူမှုထူးချွန်ဒုတိယဆင့်) ဒေါ်အေးအေးကြည်၊ သီရိသုဓမ္မ သီဂိ ဒေါ်ခင်နန်းမွန် (MWEA)၊ ဦးကျော်အောင်–ဒေါ်ရင်ဟွမ် (Benhur Co., Ltd.)၊ ဦးဇော်မင်း(မင်္ဂလာကုမ္ပဏီ)၊ ဦးသိန်းလှ (အမေရိကန်ဗွီးရှင်း)၊ ဦးပွင့်ကောင်း–သီရိသုဓမ္မမဏိဇောတဓရ ဒေါ်ခင်နွဲ့ရီ အဂ္ဂမဟာ သီရိသုဓမ္မသီဂိ (ရွှေပုဇွန်မိသားစု)နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ငွေကျပ်နှစ်သိန်းစီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း) – ဒေါ်သိန်းဆိုင်(စာရေးဆရာမကြီး မမြတ်လေးမိသားစု)၊ အဂ္ဂမဟာသီရိသုဓမ္မသီဂိ၊ သီရိသုဓမ္မသီဂိ၊ သီဟသုဓမ္မသီဂိ ဒေါ်ဆယ်၊ ဦးကျော်စိုး–ဒေါ်လှဝတီ (အတွင်းရေးမှူး–MWEA)၊ ဒေါက်တာအောင်ကျော်ဝင်း–ဒေါက်တာသက်သက်ခိုင် (ရွှေနန်းတော် ရတနာရွှေဆိုင်)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်–သီဟသုဓမ္မသီဂိ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)၊ ဦးတင်ဦး–ဒေါ်လှမြင့် (ရွှေစင်ရတနာရွှေဆိုင်)၊ ဦးကျင် – ဒေါ်ချောစုမြတ်(အကျင်းနှင့် ညီများ၊ တာယာရောင်းဝယ်ရေးလုပ်ငန်း)၊ မချိုသီရိမောင် (Mili-kha Engineering Limited)၊

စာမျက်နှာ ၅ ကော်လံ ၁ ❐

၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့”ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ ဗိုလ်မှူးမောင်လတ်(ငြိမ်း)–ဒေါ်နန်းယဉ်ယဉ်(စိုးစံဘော်ဒါဆောင်၊ပြင်ဦးလွင်မြို့)က ငွေကျပ် ၇၅သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

ကျေးဇူးတင်စကား

၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့”ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားစဉ်၊ (သတင်းစဉ်)

ဒို့မြန်မာအမျိုးသမီးများနေ့

* ဒို့မြန်မာ အကျိုးစီးပွားအတွက်
ဒို့မြန်မာ အမျိုးသမီးများက
နိုးကြားလို့ ညီညွတ်စွာ။
အမျိုးသမီးရေးရာ အဖွဲ့ကြီး
ဖွဲ့စည်းခဲ့ပါ။
ဇူလိုင်လ ၃ရက်ဟာ
ဒို့မြန်မာ အမျိုးသမီးများနေ့။
ကမ္ဘာမြေတည်သရွေ့
စွဲမှတ်မယ်လေ့။

* ကျွန်မမှာ မိန်းမသားရယ်လို့
သူစိမ်းအား မခိုမှီ။
အမျိုးချစ် အမျိုးမပစ်ပါဘဲ
မျိုးစစ်ဖို့ရည်။
အငြိုးမကြီးပေမယ့်
အမျိုးသမီးလဲ အသည်းမာသည်
မြန်မာပြည်ဇာတိသွေး။
မြန်မာမှန် မျိုးဂုဏ်စောင့်ပါလို့
ရိုးဖြောင့်တယ်လေး။

* ယဉ်ကျေးမှု အမွေအနှစ်
သွေမစစ် ရောင်မခွာ။
လူကုန်ကူး အကြမ်းဖက်
ပျောက်ပျက်စေရာ။
ဝိုင်းဝန်းလို့ ကြိုးစားကာ
အမျိုးသမီးရေးရာ ဦးဆောင်ပေး။
ဥပဒေရှုထောင့်များရယ်နဲ့
စီးပွားရေး အမြင်ကျယ်ဖို့
အမျိုးသမီးငယ် ရွယ် လတ်တို့ကို
မပြတ်ဆွေးနွေး။

* သမီးငယ် သားငယ်လေးတွေရဲ့
ပညာရေး အလေးမူ။
ကျောင်းအပ်နှံနိုင်ဖို့ရေး
ဖေးမဝိုင်းကူ။
တတ်အားသမျှ ပေးလှူ
ဖြူစင်တဲ့နှလုံးသား။
အစ်မကြီး အမိအရာ–––တဲ့
အသိမှာ စေတနာနဲ့
မေတ္တာဆင့်ကာပေးတယ်
နွေးထွေးစွတကား။

* ဒို့မြန်မာ အကျိုးစီးပွားအတွက်
ဒို့မြန်မာ အမျိုးသမီးများက
နိုးကြားလို့ ညီညွတ်စွာ။
အမျိုးသမီးရေးရာ အဖွဲ့ကြီး
ဖွဲ့စည်းခဲ့ပါ။
ဇူလိုင်လ ၃ရက်ဟာ
ဒို့မြန်မာ အမျိုးသမီးများနေ့။
ကမ္ဘာမြေတည်သရွေ့
စွဲမှတ်မယ်လေ့။ ။

(၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်–)

မရွှေအေး(ဟဲဟိုး)

အားကစားကွင်း ဝန်းကျင်တွင် ကင်းလှည့်နေသော လုံခြုံရေး စက်ရုပ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ငှက်ဖျားရောဂါ ပူးပေါင်းတိုက်ဖျက်မည်

ဖနောင်ပင် ဇွန် ၂၃

တရုတ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံတို့သည် ငှက်ဖျားရောဂါပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်းဆိုင်ရာ နှစ်ရက်ကြာ ဆွေးနွေးပွဲတစ်ရပ်ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဇွန် ၂၀ ရက်က စတင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ၌ တရုတ်နှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့အနေဖြင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခဲ့သည့် သုံးနှစ်တာကာလအတွင်း မည်သို့ တိုးတက်ဖြစ်ထွန်းခဲ့မှုများနှင့် အကျိုးရလဒ်များအပေါ် ဆွေးနွေးသုံးသပ်ကြမည် ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ ကင်ပွန်စပူပြည်နယ်သည် ငှက်ဖျားရောဂါဖြစ်ပွားမှုများပြားသည့် ဒေသတစ်ခုဖြစ်ရာ ငှက်ဖျား ရောဂါတိုက်ဖျက်ရေး ကုထုံးအသစ်ဖြင့် အဆိုပါဒေသ၌ စမ်းသပ်ခဲ့သည့် တိုးတက်မှု အခြေအနေများကိုလည်း ဆွေးနွေး မည်ဖြစ်သည်ဟု ကမ္ဘောဒီးယားနိုင်ငံ ငှက်ဖျားထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါင်ဆိုချစ်က ပြောကြားသည်။

လျော့နည်းကျဆင်းခဲ့

ကမ္ဘောဒီးယားနိုင်ငံတွင် အဆိုပါဒေသ၌ ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ၃၆ ဒသမ ၁၉ ရာခိုင်နှုန်းမှ ၀ ဒသမ ၁၃ ရာခိုင်နှုန်းထိ လျော့နည်းကျဆင်းခဲ့သည်ဟု ကင်ပွန်စပူပြည်နယ် အုပ်ချုပ်ရေးမှူး ကန်ဟိန်ကပြောကြားသည်။

များစွာကျဆင်းခဲ့

ယခုရရှိသော ကိန်းဂဏန်းနှုန်းထားမှာ ကြီးမားသောအောင်မြင်မှု ရရှိခဲ့သည်ကို ပြသနေကြောင်း၊ ယခုနှစ် ပထမ ခြောက်လမှာပင် ဆေးရုံများ၌ ငှက်ဖျားရောဂါဖြစ်ပွားသူအရေအတွက် များစွာကျဆင်းခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ လုံခြုံရေးအတွက် စက်ရုပ်များ အသုံးပြုဆောင်ရွက်

ဘာလင် ဇွန် ၂၃

ဂျာမနီနိုင်ငံတွင် ကျင်းပသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်သည့် အားကစားကွင်းများတွင် လုံခြုံရေးအတွက် ကင်းလှည့်စောင့်ကြည့်ရာတွင် စက်ရုပ်များကို အသုံးပြု၍ လုပ်ဆောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ဇွန်၂၀ရက်တွင် ပြောကြားသည်။

ယင်းလုံခြုံရေး စက်ရုံများတွင် ဗီဒီယိုကင်မရာနှင့် ဓာတ်ပုံရိုက် ကင်မရာများ တပ်ဆင်ထားပြီး ယင်း စက်ရုပ်များမှ ရိုက်ယူထားသော သတင်းအချက်အလက် ဓာတ်ပုံများကို အဝေးရှိထိန်းချုပ်ရေးစခန်းသို့ ပေးပို့နိုင်ကြောင်းသိရသည်။

အသုံးပြု

ထို့ကြောင့် ယင်းစက်ရုပ်များကို အားကစားကွင်းများ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ညပိုင်းလုံခြုံရေး ကင်းလှည့်စောင့်ကြပ်မှုများတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

ကာကွယ်

ယင်းသို့ အသုံးပြုခဲ့ခြင်းကြောင့် ဘောလုံးပွဲပရိသတ်များအား အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်နိုင်သည့် အသက်ဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ရေယာဉ်နစ်မြုပ်

ဂျကာတာ ဇွန် ၂၃

အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားကျွန်း ကမ်းလွန်တွင် ပင်လယ်ပြင်မုန်တိုင်းတိုက်ခတ်ခံခဲ့ရမှုကြောင့် ခရီးသည် ရေယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ အင်ဒိုနီးရှားရေတပ်မှ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရသည်ဟု ရေတပ်အရာရှိများက ဇွန် ၂၂ ရက်၌ ပြောကြားသည်။

ပျောက်ဆုံး

မုန်တိုင်းဒဏ်ကြောင့် နစ်မြုပ်ခဲ့ရသော ရေယာဉ်မှ ခရီးသည် ၇၃ဦးကို ကယ်ဆယ်ပေးနိုင်ခဲ့ပြီး ၄၇ ဦးမှာ ယခုတိုင် ပျောက်ဆုံးဆဲရှိနေကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ နီပေါပြည်သူများအတွက် စားနပ်ရိက္ခာများ ပေးဝေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိုးခေါင်မှုဒဏ်ခံရသော နီပေါပြည်သူများအား ကုလသမဂ္ဂမှ စားနပ်ရိက္ခာများပေးပို့ဖြန့်ချိ

ခတ္တမန္ဒူ ဇွန် ၂၃

ဆယ်စုနှစ်များအတွင်း မိုးခေါင်မှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရသော နီပေါ အလယ်ပိုင်းနှင့် အနောက်ပိုင်းမှ ပြည်သူ ၂၂၅၀၀၀ကျော်အတွက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှနေ၍ အရေးပေါ် စားနပ်ရိက္ခာများကို ဖြန့်ချိပေးခဲ့သည်။

နောက်သုံးလကျော်တွင် နီပေါနိုင်ငံ ၏ ဒေသ ၇၅ခုမှ ၁၀ဒေသတွင် စားနပ်ရိက္ခာ တန်၈၀၀ကို ဖြန့်ချိပေးရန် ၎င်းအေဂျင်စီမှ စီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၂၀ရက်တွင် ပြောကြားသည်။

စားနပ်ရိက္ခာ ရှားပါးခြင်းသည် ယင်း ဒေသများရှိ ပြည်သူများ၏ ဘဝရှင်သန်ရေးအတွက် အကြောင်းအချက်တစ်ရပ်ဖြစ်သည်။ မိုးခေါင်မှုကြောင့် ထိခိုက်နစ်နာမှုများ ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်နေကြောင်း ဒဗလျူအက်ဖ်ပီမှ ညွှန်ကြားရေးမှူး ရာဂမ်က ပြောကြားသည်။

ရရှိ

နီပေါနိုင်ငံသည် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမှ အထောက်အပံ့များကို နီပေါနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု ဆုံးရှုံးနစ်နာမှု၏ ၆၀ရာခိုင်နှုန်း ကျော်ရရှိခဲ့သည်။

ပေးပို့

နီပေါရှိ ကျေးရွာအများအပြားသည် ဝေးလံသောတောင်တန်း တောင်ကြားများတွင် တည်ရှိသောကြောင့် စားနပ်ရိက္ခာများကို လေကြောင်းမှ ပေးပို့မည်ဖြစ်သည်ဟု ရာဂမ်ကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်၌ ပန်ဒါဝက်ဝံများအား ထိန်းသိမ်းစောင့်ရှောက်ထား

ပေကျင်း ဇွန် ၂၃

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ဘေးမဲ့တောအတွင်းရှိ ဖျားနာနေသော အသက်၁၅နှစ်ရှိ ပန်ဒါဝက်ဝံတစ်ကောင်အား တိရစ္ဆာန်ကျွမ်းကျင်ပညာရှင်တစ်ဦး စစ်ဆေးမှု ပြုလုပ်ပြီးနောက် ဆေးဝါးကုသမှု ပေးခဲ့သည်။

အကောင်ရေတိုးပွား

တရုတ်နိုင်ငံသည် မျိုးတုံးပျောက်ကွယ်တော့မည့် အန္တရာယ်ကျရောက်နေသော ချစ်စရာပန်ဒါဝက်ဝံများကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့သဖြင့် ယခုအခါ အကောင်ရေတိုးပွားလာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြေပြိုမှု ကြိုတင်ခန့်မှန်းသည့်နည်းပညာသစ် ဗြိတိန်တက္ကသိုလ်မှ စမ်းသပ်ဆောင်ရွက်

လန်ဒန် ဇွန် ၂၃

ကမ္ဘာ့တစ်ဝန်းရှိ ပြည်သူများ၏ အသက်ပေါင်းရာချီ၍ ကယ်တင်နိုင်မည့် မြေပြိုမှုကို ကြိုတင်ခန့်မှန်းရာတွင် အထောက်အကူပြုရန် နည်းပညာသစ်တစ်ရပ်ကို ဗြိတိန်နိုင်ငံမှ လောက်ဘိုရော့သ်တက္ကသိုလ်မှ စမ်းသပ်ဆောင်ရွက်ခဲ့သည်။

အသံလှိုင်းမှတစ်ဆင့် သတင်းအချက်အလက်ရယူစောင့်ကြည့်သောစနစ်ဖြင့် တောင်စောင်းများ၏ ခိုင်မြဲမှုကို မြေဆီလွှာလှုပ်ရှားမှုနှင့် နားထောင်ခြင်းဖြင့် တွက်ချက်ယူခဲ့သည်။

မျှော်လင့်

အခြေခံကျကျ ပြုလုပ်ထားသော ယင်းနည်းစနစ်သည် အစဉ်အလာအားဖြင့် အသုံးပြုနေသော နည်းစနစ်များထက် တောင်စောင်း၏ ပြောင်းလဲမှုဖြစ်စဉ်ကို ပိုမိုသိရှိနိုင်သော စနစ်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်း ယင်းတက္ကသိုလ်မှ ထုတ်သည့်စာစောင်တွင် ဇွန် ၂၀ရက်က ဖော်ပြထားသည်။

ပို့ပေး

ထိပ်တွင် အာရုံခံပြားတပ်ဆင်ထားသော ပြွန်ချောင်းအား တောင်စောင်းအတွင်းသို့ မြုပ်ထားလိုက်ပြီး မြေအောက်ရှိ မြေဆီလွှာ အစိတ်အပိုင်းများ ရွေ့လျားခြင်းမှ အမြင့်ဆုံး အသံလှိုင်းကို ဖမ်းယူထားလိုက်ပြီး အာရုံခံ သံပြားမှတစ်ဆင့် ကွန်ပျူတာသို့ တောင်စောင်း၏ ခိုင်မြဲမှု အတိုင်းအတာပမာဏကို သတင်းအချက်အလက်များ ပို့ပေးခြင်း ဖြစ်သည်။

ခန့်မှန်း

ယင်းစနစ်ကို နယူးကာဆယ်တက္ကသိုလ်မှ တည်ဆောက်နေသော ရေကာတာ၌ စမ်းသပ် စစ်ဆေးမှုများကို မကြာမီက ပြုလုပ်ခဲ့သည်။ ပြီးပြည့်စုံသော သုတေသနပြုချက် စီမံကိန်းအတွက် ရန်ပုံငွေကို ဗြိတိန်နိုင်ငံစက်မှုနှင့် ရူပဗေဒသိပ္ပံ သုတေသနကောင်စီမှ ထည့်ဝင်ပြီး ယင်းကိရိယာအပြီးသတ်ရန် အချိန် သုံးနှစ်ယူရမည်ဟု ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖျားနာနေသော ပန်ဒါဝက်ဝံတစ်ကောင်အား တိရစ္ဆာန်ကျွမ်းကျင်ပညာရှင် တစ်ဦး စစ်ဆေးမှုပြုလုပ်နေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပို့ကုန်သွင်းကုန်စစ်ဆေးရေးအဖွဲ့၌ တာဝန်ထမ်းဝန်ထမ်းများ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျအဆင်ပြေစွာဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ရောက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့သို့ သွားရောက်၍ ဌာနဆိုင်ရာလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအားတွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းမှာကြား

ထို့နောက် ဇွန် ၁၈ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ပို့ကုန်သွင်းကုန်စစ်ဆေးရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် မူဆယ်မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအား တွေ့ဆုံ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအား ရှင်းလင်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၂၀ ရက်တွင် ကွတ်ခိုင်၊ သိန်းနီနှင့် လားရှိုးမြို့များသို့ရောက်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့သို့ သွားရောက်၍ လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့သည်။ **(အောက်ပုံ) (သတင်းစဉ်)**

ရွှေကျောင်းစာသင်တိုက် ငွေရတုမင်္ဂလာကျင်းပမည်

ရန်ကုန် ဇွန် ၂၃

မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် မြို့သာမြို့မ ရွှေကျောင်းစာသင်တိုက်၏ (၂၅)ကြိမ်မြောက် ငွေရတုမင်္ဂလာအခမ်းအနားကို ၁၃၆၈ ခုနှစ်ဝါဆိုလဆန်း ၁၀ ရက် (ဇူလိုင် ၄ ရက်)၌ ရွှေကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ ရွှေကျောင်းတိုက်၌ သီတင်းသုံးခဲ့ဖူးသော ရဟန်းသံဃာနှင့် တပည့်များသည် ငွေရတုသဘင်သို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ထစ်ချုန်းရွာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့"ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများက ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ *စာမျက်နှာ ၃ မှ*

မလဲ့လဲ့အေး (D-Nine Fashion Shop-ယုဇနပလာဇာ)၊ ဦးဟန်အောင်-ဒေါ်ကြည်ကြည်ငြိမ်း (Executive Director Synergy Co., Ltd.)၊ ရွှေသီးပုံနှိပ်တိုက်၊ Eleven-ဂျာနယ်၊ နက္ခတ္တရောင်ခြည်၊ ရောဝဏ်ပုံနှိပ်တိုက်၊ ရွှေစင်ပုံနှိပ်တိုက်၊ အလင်္ကာဝတ်ရည်၊ ရွှေနိုင်ငံစာပေတိုက်၊ ကြောင်နှစ်ကောင်စာပေတိုက်၊ ဦးလှငွေး-သီရိသုမေ့သိင်္ဂီ ဒေါ်တင်နွယ်ဦး (မုန်ချိုဆေးတိုက်)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၊ ကျော်ဇေရပ်ရှင်မှ ကိုဇော်မျိုးအောင်-မမြင့်မြင့် န်းနှင့် ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar Co., Ltd.) တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးအေးမြင့်-ဒေါ်မြင့်မြင့်(ရာသက်ပန်စတိုး၊ ဗိုလ်ချုပ်အောင်ဆန်းဈေး) ဦးတင်ထွန်းကျော်-ဒေါ်ခင်ဆွေမြင့် (O. K Man Co., Ltd.) ဒေါက်တာစိန်မြင့်-ဒေါ်မြသန္တာနှင့် Infinity တို့က ငွေကျပ် ငါးသောင်းစီနှင့် မသီရိမြင့်(မဖြူဖြူယိုစုံ)က ငွေကျပ်နှစ်သောင်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းပွဲတွင် အလှူရှင် ၇၇ ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၃၇၁၂၃၀၀၀ လှူဒါန်းကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးအသင်း(ရန်ကုန်)ရတနာပုံအနုပညာခန်းမဖွင့်လှစ်ပြသမည်

ရန်ကုန် ဇွန် ၂၃

မန္တလေးအသင်း (ရန်ကုန်) ရတနာပုံ အနုပညာခန်းမကို ဇွန် ၂၅ ရက်တွင် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့် အမှတ် ၆၂၈/၆၃၂ ရှိ မန္တလေးအသင်းတိုက်၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ရတနာပုံ အနုပညာခန်းမ၌ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂန္ထဝင်နှင့် လက်ရာမွန်အမည်ရှိ ပန်းချီပြပွဲကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ပန်းချီ ပြပွဲတွင် မန္တလေးမြို့နှင့် နိုင်ငံအဝန်းမှ ပန်းချီပညာရှင်များတို့၏ လက်ရာမွန် ပန်းချီကားများကို ပြသမည်ဖြစ်ရာ မန္တလေး အသင်းသားအသင်းသူများနှင့် စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ကြောင်း ပန်းချီပြပွဲ ဖြစ်မြောက်ရေးကော်မတီမှ ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အထူးရောင်းချပွဲသို့ ရတနာကုန်သည် ၂၂၄၃ ဦး ရောက်ရှိ

ရန်ကုန် ဇွန် ၂၃

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲသို့ ယနေ့ ညနေ ၄ နာရီအထိ ပြည်ပနိုင်ငံ ကိုးနိုင်ငံ၊ ကုမ္ပဏီ ၃၇၈ ခုမှ ရတနာကုန်သည် ၁၄၁၅ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၅၁ ခုမှ နိုင်ငံသားရတနာကုန်သည် ၈၂၈ ဦး စုစုပေါင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည် ၂၂၄၃ ဦး ရောက်ရှိနေကြပြီး ရတနာအတွဲများကို ကြည့်ရှုလေ့လာကြသည်။ ရတနာကုန်သည်များ ထပ်မံရောက်ရှိကြဦးမည်ဖြစ်သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၆

International Day Against Drug Abuse and Illicit Trafficking

26-6-2006

မူးယစ်ဒုက္ခ မပေါ့ဆနှင့်

DRUGS ARE NOT CHILD'S PLAY

ကျော်ဖုံးမှ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်တာဝန်ခံ ဦးစိုးမြင့်လွင်

- ဂျာမနီနဲ့ဆွီဒင် နှစ်သင်းစလုံး အနိုင်ရအောင် ကစားကြမှာဆိုတော့ ဒီနှစ်သင်း ခြေသိပ်မကွာဘူး၊ ဒါပေမယ့် ဂျာမနီကရှေ့၊ လယ်၊ နောက်မျှတယ်၊ အိမ်ရှင်လဲ ဖြစ်တယ်၊ ဆွီဒင်က အလယ်တန်း အားနည်းတယ်၊ စိတ်ဓာတ်ပိုင်းမှာ ဂျာမနီအားသာတယ်၊ ဂျာမနီနိုင်ဖို့ များပါတယ်။
- အာဂျင်တီးနားနဲ့ မက္ကဆီကိုပွဲကတော့ ကစားနည်း ကစားဟန်တူတယ်၊ စွမ်းရည်ပိုင်းမှာလဲ တူတယ်၊ ဒါပေမယ့် အာဂျင်တီးနား ဘောလုံးသမားတွေက အရွယ်ကောင်းတယ်၊ ကစားအားမချဘဲ တောက်လျှောက် ကစားသွားနိုင်တယ်၊ အာဂျင်တီးနားတို့ အခွင့်အရေး ပိုသာပါတယ်။

မြန်မာ့လက်ရွေးစင်နှင့် အာရှလက်ရွေးစင်ဟောင်း(ဂိုး)တင်အောင်

- ဂျာမနီနဲ့ဆွီဒင်ပွဲမှာ ဂျာမနီတို့ခြေသာပါတယ်၊ တိုက်စစ်မှာ ဂိုးသွင်းကောင်းသူတွေရှိတယ်၊ ခံစစ်လဲ ကောင်းတယ်၊ ဆွီဒင် ကစား ပုံကောင်းပေမယ့် ဂျာမနီတို့ နိုင်ပွဲရမယ့် အနေအထားရှိပါတယ်။
- အာဂျင်တီးနားနဲ့ မက္ကဆီကိုပွဲကတော့ အာဂျင်တီးနားတို့ နိုင်ခြေ များပါတယ်၊ အာဂျင်တီးနားတို့က မက္ကဆီကိုထက် ကစားအားကောင်းတယ်၊ မက္ကဆီကို ပွဲကျပ်ကြိုတဲ့ အနေအထားပါ။ **(မြန်မာ့အလင်း)**

စပိန်အသင်း အုပ်စုပထမရရှိ ယူကရိန်းက တူနီးရှားကို အနိုင်ရ

ရန်ကုန် ဇွန် ၂၃

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဇ)နောက်ဆုံးပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက ယှဉ်ပြိုင်ကစားရာ စပိန်အသင်းက ဆော်ဒီအာရေဗျအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ယူကရိန်းအသင်းက တူနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားသည်။

သွင်းယူပေး

စပိန်အသင်းသည် အုပ်စုတက်ရန် သေချာပြီးဖြစ်သော်လည်း အနိုင်ကစားပြီး အမှတ်ပြည့်ယူသွားသည်။ စပိန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၆ မိနစ်တွင် ဟွမ်နီတိုက သွင်းယူပေးသည်။

အနီကတ်

ယူကရိန်းအသင်းသည် တူနီးရှားအသင်းကို သရေကစားရုံဖြင့် အုပ်စုဒုတိယရရှိမည်ဖြစ်သော်လည်း အနိုင်ကစားသွားသည်။ ယူကရိန်းအသင်းအတွက် တစ်လုံးတည်းအနိုင်ဂိုးကို မိနစ် ၇၀ တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ရှက်ဗ်ချင်ကိုက သွင်းယူပေးသည်။ ပွဲချိန် ၄၆ မိနစ်တွင် တူနီးရှားအသင်းမှ ဂျာဇီရီ အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရပြီး ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။

တက်ရောက်သွား

အုပ်စု(ဇ)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ စပိန်အသင်းက သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ယူကရိန်းအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားသည်။ တူနီးရှားအသင်းက သုံးပွဲ ကစား၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး တစ်မှတ်၊ ဆော်ဒီအာရေဗျအသင်းက သုံးပွဲကစား၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး တစ်မှတ်ဖြင့် ပြိုင်ပွဲမှ ထွက်သွားရပြီ ဖြစ်သည်။ **(သတင်းမှတ်စု-ကိုထွေး)**

စစ်တွေမြို့ ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားအနည်းငယ်ရှိ လေပြင်းလှုပ်

ရန်ကုန် ဇွန် ၂၃

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၁ မိနစ် စက္ကန့် ၄၀ တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၂၇၅ မိုင်ခန့် ကွာဝေးသော စစ်တွေမြို့အနီး ပင်လယ်ပြင်ကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်းကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇွန် ၂၃

ယနေ့မြန်မာစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ စက္ကန့် ၄၀ တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ ၁၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသည့် မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်းကို မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

မာလာမုန်တိုင်းဒဏ်ခံရသော ပြည်သူများအား ကူညီထောက်ပံ့ရန် ကဗျာဆရာများနှင့် အနုပညာရှင်များ စုပေါင်းဖျော်ဖြေလှူဒါန်း

သတင်းမြင်ကွင်း - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၃

ယခုနှစ် ဧပြီလကုန်ပိုင်းက တိုက်ခတ်ခဲ့သော မာလာအမည်ရှိ မုန်တိုင်းကြောင့် ရခိုင်ပြည်နယ် ဂွမြို့နယ်နှင့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်တို့၌ လေဘေးနှင့် ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

ဖျော်ဖြေပွဲ

ယင်းမြို့နယ်များ၌ လေဘေး၊ ရေဘေး ဒုက္ခကြုံတွေ့ခဲ့ရသည့် ပြည်သူများအား ထောက်ပံ့ကူညီပေးရန်အတွက် **"ဝန်တင်လိပ်ပြာ"**အနုပညာပေါင်းစုဖျော်ဖြေပွဲကို ဆရာစံလမ်း အမှတ် ၂၂ မစ္စတာဂစ်တာကဖေး၌ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ အနုပညာပေါင်းစု ဖျော်ဖြေပွဲကို ကဗျာဆရာအောင်ဝေးနှင့် အဆိုတော် နေမျိုးဆေးတို့က စီစဉ်ကျင်းပခဲ့ကြောင်းသိရသည်။ ယင်း

"အနုပညာရှင်များ ပိုင်ဆိုင်ရတဲ့အချိန် ခွဲဝေပေးပြီးမှ လာရောက် ကူညီကြခြင်းဖြစ်၊ အနုပညာရှင်လေးများရဲ့ အလွန်လှပတဲ့ စိတ်စေတနာပိုင်း လှူဒါန်းကူညီခြင်းအတွက် အလွန်အားရကျေနပ်မိ"

ဒေါက်တာလမင်း

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

ဖျော်ဖြေပွဲတွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ ကဗျာဆရာ၊ စာရေးဆရာနှင့် ပန်းချီဆရာများက လာရောက်ကာ ကဗျာများရွတ်ဆိုခြင်း၊ သီချင်းများသီဆိုခြင်း၊ ကဗျာသရုပ်ဖော်ခြင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

ကူညီထောက်ပံ့

ဧရာဝတီတိုင်း ကြံခင်းမြို့နယ်နှင့် ရခိုင်ပြည်နယ် ဂွမြို့နယ်တို့၌ လေဘေး၊ ရေဘေး ဒဏ်ခံကြရသူများအား အနုပညာရှင်များ၏ ပေါင်းစုအားဖြင့် မေတ္တာ၊ ကရုဏာများထားရှိကာ ကူညီထောက်ပံ့ပေးရန်အတွက် ဝန်တင်လိပ်ပြာအစီအစဉ်ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လူသားချင်းစာနာတတ်တဲ့ တရားတွေကို တွေ့မြင်ရလို့ ကြည်နူးပီတိဖြစ်မိကြောင်း စာရေးဆရာမ ဒေါက်တာလမင်းက ပြောကြားသည်။

"ယခုပွဲတွင် မိမိတို့ ကဗျာဆရာများ ဦးဆောင်၍ လူမှုရေးစိတ်ဓာတ် ထက်သန်သည့် အနုပညာရှင်များ နှင့် မော်ဒယ်(လ်) သရုပ်ဆောင်များက ပါဝင်ကူညီကြ၊ ရခိုင်ပြည်နယ် ဂွမြို့နယ် လေဘေးနှင့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ရေဘေးဒဏ်ခံရသူများအတွက် ငွေကောက်ခံလှူဒါန်းပွဲ ကျင်းပရခြင်းဖြစ်"

ကဗျာဆရာ အောင်ဝေး

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

ကဗျာရွတ်ဆိုဖျော်ဖြေမှု အစီအစဉ်တွင် ကဗျာဆရာအောင်ဝေးနှင့် ကဗျာဆရာများက ဝန်တင်လိပ်ပြာဥဒါန်း အစချီသော ကဗျာကို သံပြိုင်ရွတ်ဆိုသည်။ ယင်းနောက် ရုပ်ရှင်သရုပ်ဆောင် ချိုပြုံးက သရုပ်ဆောင် လွင်မိုးရေးသော အတိတ်စိမ်းကဗျာကို

"ယခုလိုဝန်တင်လိပ်ပြာအတွက် အနုပညာသည် တစ်ယောက်အနေဖြင့် ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းသာ"

အဆိုတော် ခင်ဘုဏ်း

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

လည်းကောင်း၊ စန်းဦး ၏ ပုစွန်လုံးဖမ်းသူ၊ ဓာဝေ၏ စွန့်စားခန်းကဗျာများကို ရွတ်ဆိုကြသည်။

ရွတ်ဆို

အလားတူ အဆိုတော်သျှီ၊ ဖြူဖြူကျော်သိန်း၊ ကုဋာခင်၊ ခင်ဘုဏ်း၊ နှင်းဝတ်ရည်သောင်းတို့ကလည်းကိုယ်တိုင်ရေး ကဗျာများဖြင့် ရွတ်ဆိုတင်ဆက်ခဲ့ကြသည်။

ထိုသို့ ရေဘေး၊ လေဘေးဒဏ်ခံရသူများအတွက် ပါဝင်ကူညီပေးခဲ့သော အဆိုတော်များနှင့် ကဗျာဆရာများအား မြန်မာ့အလင်းက ယင်းတို့ခံစားမှုများနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ အောက်ပါအတိုင်း ဖွင့်ဟပြောကြားခဲ့ကြသည်။

"ကျွန်တော်တို့ဟာ ကျွန်တော်တို့ သယ်ဆောင်နိုင်သလောက်၊ ဝန်ထုပ်ဝန်ပိုးတွေနဲ့ ကမ္ဘာကြီးကို ပိုကောင်းမွန်တဲ့ နေရာရောက်အောင်သွားကြရမှာပဲ" **(ကဗျာဆရာမြမြင့်မိုရ်)။**

"ဖြူဖြူဘဝမှာ ဒါပထမဆုံး ကဗျာ ရွတ်ဖူးတာပါ။ ဒီလိုကုသိုလ်

"မိမိဘဝမှာ ကဗျာရွတ်ပွဲသည် ပထမဦးဆုံးပွဲဖြစ်၊ ယခုရွတ်မည့် ကဗျာသည် မိမိပင်ကိုရေးစပ်သည့် ကဗျာဖြစ်ပြီး မိမိတတ်နိုင်သည့် အနုပညာဖြင့် ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူမိ"

ဖြူဖြူကျော်သိန်း

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

ဖြစ်ပွဲလေးမှာ ပါဝင်ရတာကို ဖြူဖြူ ပီတိလဲဖြစ်ရပါတယ်။ ဂုဏ်လဲ ယူပါတယ်"

(အဆိုတော်ဖြူဖြူကျော်သိန်း)။

"ယခုလို ရေဘေး၊ လေဘေးဒဏ်ခံရသူတွေကို မေတ္တာ၊ ကရုဏာထားပြီး ကူညီခွင့်ရလို့ ဝမ်းသာပီတိဖြစ်မိပါတယ်" **(အဆိုတော်ကုဋာခင်)။**

"ကျွန်တော်ကပုသိမ်သားဆိုတော့ လေဘေးကို ကိုယ်တိုင်ခံစားဖူးတယ်။ အရမ်းကို ဒုက္ခရောက်ခဲ့ဖူးတယ်။ အခု ဂွမြို့နယ်နှင့် ကြံခင်းမြို့နယ် လေဘေးနှင့် ရေဘေးအတွက်ဆိုတော့ ကျွန်တော်ကူညီချင်တယ်။ ကိုယ်နိုင်သလောက်ပေါ့"

(ပန်းချီဆရာ သန်းဌေးမောင်)။

"ကိုယ်တတ်နိုင်တဲ့ နေရာက တစ်တပ်တစ်အား ပါဝင်ကူညီရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်" **(နှင်းဝတ်ရည်သောင်း)။**

"ဝန်တင်လိပ်ပြာစိန်ခေါ်သံဆိုတဲ့ ကဗျာကို ရွတ်ဆိုခွင့်ရတဲ့အတွက်ရော၊ Combination Artပွဲမှာ ပါဝင်ကူညီခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်" **(ဆုကဗျာ)။**

"မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် လေဘေးဒုက္ခသည်များအတွက် ကူညီခွင့်ရသည့်အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိ"

အဆိုတော် သျှီ

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

ဧပြီ ၂၉ ရက်က ရခိုင်ပြည်နယ် ဂွမြို့နယ်၌ တိုက်ခတ်ခဲ့သော မာလာမုန်တိုင်းကြောင့် ၈၀ ရာခိုင်နှုန်း အမိုးအကာမဲ့ဖြစ်ခဲ့ကာ ငွေကျပ်သိန်း ၂၀၀၀ ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လှူဒါန်းပြီး

ထိုသို့ ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတော်နှင့် စစ်တွေ၊ သံတွဲ၊ တောင်ကုတ်မြို့နယ်တို့မှ ပထမအကြိမ် ငွေကျပ် သိန်း ၆၆၀ နှင့် ဆန်အိတ် ၅၇၀၊ ဆီပီပါ ၁၀လုံး လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကြံခင်းရေဘေး

အလားတူကြံခင်းရေဘေးအတွက်လည်း လိုအပ်သည့် ထောက်ပံ့ငွေနှင့် ဆန်အိတ်များကို ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ မာလာမုန်တိုင်း ဒဏ်ခံခဲ့ရသော ပြည်သူများအား မေတ္တာ၊ ကရုဏာစိတ်ထားကာ တတ်စွမ်းသမျှ ကူညီပေးခြင်းသည် အလွန်မွန်မြတ်သည့် ပရဟိတလုပ်ငန်းဖြစ်၍ လူသားချင်းစာနာစိတ်ဖြင့် ကူညီပေးကြရန် တိုက်တွန်း ရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓဝင်ပြခန်းရှိ မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားခန်း ရုပ်ပွားတော်များ ပြုပြင်မွမ်းမံရန်အတွက် ဖခင် ဦးဘတင်နှင့် မိခင်ဒေါ်ခင်သိန်းတို့အား ရည်စူး၍ အမှတ် ၃/၁ မေတ္တာလမ်း သီရိရတနာရိပ်သာ ဘောက်ထော်နေ သမီး ဒေါ်ခင်ချိုမြင့်နှင့် ဦးလှိုင်ထွန်း-ဒေါ်ကြည်ကြည်မြင့် မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းထွန်းနှင့် ဦးကိုကိုကြီးတို့ထံ ပေးအပ်စဉ်။

(က-ပ)

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ကြမည်

ရန်ကုန် ဇွန် ၂၃

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ (ဘီအိုစီ)ပိဋကတ်တိုက်ကျောင်းတွင် ဇူလိုင် ၂ရက် **(တနင်္ဂနွေနေ့)** နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်သည်။

ဒါယကာ၊ ဒါယိကာမများ ဆွမ်း၊ ဆွမ်းဟင်းများ ချက်ပြုတ်ယူဆောင်လာကြပါရန်နှင့် ဝါဆိုသင်္ကန်းတစ်စုံ ကျပ် ၃၀၀၀နှုန်းဖြင့် ဆက်ကပ်လှူဒါန်းရန် အသင်းက စီစဉ်ထားသည်။ ကုသိုလ်ပါဝင်လိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၀၉-၉၉-၂၂၁၇၉၊ ၀၉-၉၉-၇၂၅၇၃၊ ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈၊ ဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း-၇၀၇၅၁၄၊ ၆၃၈၂၂၅၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၂၂၁၄၁၉၊ ၀၉-၅၁၀၈၃၄၂၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄၊ ၀၉-၉၉-၂၆၆၃၀၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးစန်းရွှေ ဖုန်း-၂၈၂၆၉၃နှင့် ဘဏ္ဍာရေးမှူး ဦးခင်အောင်တင့် ဖုန်း-၇၀၁၆၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ် နယုန်လကွယ်နေ့
(ဥပုသ်နေ့)
၂၄-၆-၂၀၀၆ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီ တံတား(ဒေးဒရဲ)
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၂:၅၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၄)
၁၃:၂၅ ၈။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၃၅ ၉။ **"အမျိုးသမီးများပြဿနာ အဖြေရှာ"** ကျော်သူ၊ မေသဥ္ဇာဦး၊ စိုးမိုးကြည် (ဒါရိုက်တာ-မောင်မျိုးမင်း)
၁၃:၅၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၀၅ ၁၁။ တေးဂီတအစီအစဉ်
၁၄:၁၅ ၁၂။ စိုက်ကြများများ ငွေစပါးဝမ်းစာ ဖြိုးဝေသိန်းနီမြေ(အပိုင်း-၂)
၁၄:၂၅ ၁၃။ ရခိုင်ချောင်တံတား
၁၄:၃၀ ၁၄။ **"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄:၃၅ ၁၅။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
၁၄:၄၅ ၁၆။ International News
၁၅:၀၀ ၁၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
၁၇:၀၅ ၆။ နားဝင်ပီယံသူ့လက်သံ
၁၇:၁၅ ၇။ အကပြိုင်ပွဲ
၁၇:၂၅ ၈။ တေးဂီတအစီအစဉ်
၁၇:၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ Discovery
၁၈:၅၀ ၁၃။ တေးဂီတအစီအစဉ်
၁၉:၀၅ ၁၄။ ဖွံ့ဖြိုးဝေဆာ နားခံစံပြကျေးရွာ
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၇)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာ့ရုပ်ရှင် **"နေကမွေးတဲ့လ"** ကျော်ဟိန်း၊ မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-မောင်တင်ဦး)
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြန်မာ့ယဉ်ကျေးမှုနှင့်ကျေးလက်သဘာဝကိုဖော်ကျူးထားသော ညက်ညောသောအရောင်ပေါင်းစပ်မှုနှင့်တင်ပြပုံဆန်းသစ်သည့်ပန်းချီပြပွဲ

ခံစားရေးဖွဲ့တင်ပြသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်းတင်-တင်စိုး(မြန်မာ့အလင်း)

ကျေးလက်ဓလေ့

မြန်မာ့ကျေးလက်ဓလေ့ကို ထိထိမိမိ လှလှပပ ခြယ်မှုန်းထားသော ဥပုသ်နေ့ အမည်ရှိ ရိုးရာပန်းချီကားကို ပန်းချီဆရာရွှေကျော်လင်းက ဤသို့ အနုစိတ်ဖော်ကျူးထားသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၃

ထူးထူးခြားခြား ရေးဆွဲဟန်၊ ညက်ညောသော အရောင်ပေါင်းစပ်မှုနှင့် တင်ပြပုံဆန်းသစ်သော ပန်းချီကားကောင်းများကို စုစည်းပြီး ပြည်သူများကို ယုံယုံကြည်ကြည် ခင်းကျင်းပြသထားသော ပန်းချီဆရာ ရွှေကျော်လင်း၏ ပန်းချီပြပွဲခင်းကျင်းရာသို့ လေ့လာရေးတစ်ခေါက် ရောက်ခဲ့ပြန်သည်။

ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ ဘက်တန်းရှိ မြန်မာနိုင်ငံ ပန်းပညာရှင်များအသင်း(ဗဟို) ပြခန်းအတွင်း ဝင်လိုက်သည်နှင့် ကြီးမားသော ခန်းလုံးပြည့် ပန်းချီကားကြီး တစ်ချပ်

မိန်းကလေးငယ်လေးများ၏ ဖန်ခုန်ကစားနေသော မြူးကြွသောဟန်ပန်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

က စိတ်အာရုံကို ဖမ်းစားလိုက်လေသည်။

ခြောက်လခန့်ရေးဆွဲရ

ပြခန်းအတွင်း ပန်းချီကား ၃၄ ချပ် အနက် စိတ်ဝင်စားစရာ အကောင်းဆုံး ပန်းချီကားကြီးဖြစ်ရာ ၎င်းပန်းချီကားနှင့် ပတ်သက်ပြီး ပန်းချီ ဆရာ ရွှေကျော်လင်းက "ဒီပန်းချီကားကို ခြောက်လလောက် ရေးဆွဲခဲ့ရတယ်။ နှစ်ဖက်ကြည့် ပန်းချီကား ဖြစ်ပြီး အရောင်စုံ ပါဝင်အောင်၊ မျက်စိပသာဒ ဖြစ်အောင် အနုစိတ် ခြယ်မှုန်း ခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီပန်းချီကားအမည်က **”ငှက်များ”**လို့ အမည်ပေးထားပါတယ်”ဟု ရှင်းပြသည်။

ကျေးငှက်မျိုးစုံ အကောင်ရေ ပေါင်းများစွာကို တစ်ကောင်ချင်း အသေးစိတ် ရေးဆွဲထားခြင်း ဖြစ်ပြီး

တောက်ပသော အပြုံး ပန်းချီကားမှာလည်း ရွှေကျော်လင်း၏ ယူနက်စကိုဆုရ ပန်းချီကား တစ်ချပ်ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

တချို့ငှက်များမှာ ငှက်အမျိုးအစား တူညီသော်လည်း ရေးဆွဲဟန် မတူကြောင်းသိရသည်။ မော်ဒန်ပန်းချီ ရေးဆွဲနည်းဖြင့် အာရှမှ နိုင်ငံတကာ ငှက်များပုံ အများအပြားကို ရေးဆွဲထားခြင်းဖြစ်ရာ ဆီဆေးကို ကျွမ်းကျင်စွာ အသုံးပြုထားသဖြင့် ပေါ်လွင်လှသည်။ ငှက်တစ်ကောင်ချင်းကို ရုပ်လုံးပေါ်အောင် ရေးဆွဲထားနိုင်သဖြင့် မိမိကိုယ်တိုင် ငှက်အုပ်ကြီး အတွင်း ရောက်ရှိနေသကဲ့သို့ ခံစားရသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှားပါးငှက်မျိုးများ စောင့်ရှောက်ရေးကိုလည်း သတိပေးလိုက်သလိုရှိသည်။

ထို့နောက် **‘ကွမ်းတောင်ကိုင်’** အမည်ရှိ ပန်းချီကားမှာလည်း ဆရာ ရွှေကျော်လင်း၏ လက်ရာဖြစ်ပြီး အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်သည်။ မြန်မာတို့၏ ရှင်လောင်းလှည့်သည့်အခါ ကွမ်းတောင်ကိုင် အမျိုးသမီးတို့ ဝတ်စားဆင်ယင်ပုံ၊ ယနေ့ မြင်တွေ့ရခဲနေပြီဖြစ်သော ဆံတောက်နှင့် မိန်းမပျိုများ ဟန်ပန်ကား ပြေပြစ်သော အရောင်ရောစပ်မှုတို့ဖြင့် ပေါ်လွင်လျက်ရှိသည်။ အဝါ၊ အစိမ်း၊ ရွှေရောင်တို့ကို စနစ်တကျ ပေါင်းစပ်ဖော်ကျူးထားရာ ယဉ်ကျေးဖွယ်ရာ မြန်မာ့ရှင်လောင်းလှည့်ပွဲ၏ သရုပ်သကန်ကို မြင်ရသူအဖို့ ဘဝင်စွဲငြိစရာပင်ဖြစ်သည်။

ကွမ်းတောင်ကိုင်အမည်ရှိ ပန်းချီကားမှာ မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုကို သိမ်မွေ့စွာ ဖော်ကျူးရေးဆွဲထားသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)



မြန်မာ့ရိုးရာ

တစ်ဖန်**“ဥပုသ်နေ့”**ပန်းချီကားမှာ ဆီဆေးဆိုဒ်ကြီးပန်းချီကားဖြစ်သည်။ မြန်မာ့ကျေးလက်ဓလေ့အရ ဥပုသ်နေ့များတွင် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်သီတင်းသီလစောင့်တည်ကြပုံကို ထိထိမိမိ လှလှပပခြယ်မှုန်းထားရာ ခြေကျင် လာသူများ၊ လှည်းယဉ်ကျော့ဖြင့် လာသူများ၊ အရွယ်စုံ၊ ဟန်ပန်အစုံကို အရောင်များ၊ ကောက်ကြောင်းများဖြင့် လက်စွမ်းပြထားခြင်းဖြစ်သည်။ ဆွမ်းအုပ်များကို ရွက်ကာ ဘုန်းတော်ကြီးကျောင်းသို့ သီတင်းသီလယူကြပုံကို ပြေပြစ်သော ရေးဟန်ဖြင့် တင်ပြထားရာ ရှုမငြီးဖွယ်ရာပင်ဖြစ်သည်။ မြန်မာ့ရိုးရာလိုင်း ပန်းချီကို ပိုင်ပိုင်နိုင်နိုင် ရေးဆွဲတင်ပြထားမှုမှာလည်း လေးစားဖွယ်ရာဖြစ်သည်။

ယူနက်စကို ဆုရ

“တောက်ပသောအပြုံး” ပန်းချီကားမှာ ဆရာရွှေကျော်လင်း၏ ယူနက်စကိုဆုရပန်းချီကားဖြစ်သည်။ ဂျပန်နိုင်ငံတွင် ၂၀၀၀ပြည့်နှစ်က ယူနက်စကိုမှ ကျင်းပသည့် ကလေးငယ်များဆိုင်ရာ ဓာတ်လမ်း သရုပ်ဖော်ပန်းချီပြိုင်ပွဲ၌ ကမ္ဘာ့နိုင်ငံအသီးသီးမှ ယှဉ်ပြိုင်သော ပန်းချီကားများအနက် အထူးဆုရရှိခဲ့သော ပုံဖြစ်သည်။ ငယ်စဉ်က ပြုံးရယ်ခြင်းမရှိသော ကလေးငယ်လေးတစ်ဦးကို အစ်ကိုဖြစ်သူက အရုပ်လေးတစ်ရုပ်ဝယ်ပေးလိုက်သည့်အခါ ပြုံးရွှင်တောက်ပသော မျက်နှာဟန်ပန်ကို ပေါ့ပါးသွက်လက်သော ရေးဟန်ဖြင့် သရုပ်ဖော်ပန်းချီရေးနည်းအတိုင်း ရေးဆွဲထားခြင်းဖြစ်သည်။ ပြုံးရွှင်နေသော ကလေးငယ်လေး၏ မျက်နှာပြင်အပြုံးကို ရိုးစင်းစွာ ခြယ်မှုန်းထားရာ အားနည်းချက် မရှိအောင် ပြောင်မြောက်လှပေသည်။

ကျေးလက်ရိုးရာ

တစ်ဖန်**“ကျေးလက်ရိုးရာ ကစားနည်း”** ပန်းချီကားမှာ ဆီဆေးဖြင့် ရေးဆွဲထားသော ပန်းချီကားဖြစ်ပြီး ကျေးလက်ဒေသရှိ မိန်းကလေးငယ်လေးများ၏ ကစားနေပုံကိုခေတ်သစ်ပန်း ပန်းချီရေးဟန်ဖြင့် အခြေခံအရောင်များ သုံးကာ ရေးဆွဲထားခြင်းဖြစ်သည်။ ပန်းချီကားတွင် ပန်းပွင့်များ၊ လိပ်ပြာများ ဖြည့်စွက်ထည့်သွင်းထားရာ မြူးကြွသော ကလေးငယ်များ၏ ဟန်ပန်မှာ ပို၍ အထင်းသားပေါ်လွင်လျက်ရှိသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် ကျေးလက်သဘာဝကို အခြေခံသော၊ အတွေးအခေါ်အားကောင်းသော၊ ပန်းချီရေးဆွဲမှုစနစ်တကျရှိသော ဆရာရွှေကျော်လင်း၏ ပန်းချီကားများပြပွဲကို ဇွန် ၂၃ရက်မှ ဇူလိုင် ၁ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ ပန်းချီဝါသနာရှင်တို့အတွက် စိတ်ခံစားမှုအပြည့်အဝပေးနိုင်မည့် ပန်းချီပြပွဲဖြစ်သဖြင့် သွားရောက်လေ့လာသင့်ပါကြောင်း သတင်းစကား ခံစားရေးဖွဲ့လိုက်ရပေသည်။ ။

(မြန်မာ့အလင်း)



ကျေးငှက်မျိုးစုံအကောင်ရေ ပေါင်းများစွာကို တစ်ကောင်းချင်း အသေးစိတ်ရေးဆွဲထားသော ပန်းချီဆရာရွှေကျော်လင်း၏ ငှက်များအမည်ရှိ ပန်းချီကားမှာ ဤသို့ရှုမငြီးဖွယ်ရာ လက်ရာပြောင်မြောက်လှသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

❒ ကျောဖုံးမှ

လက်တွဲဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်ကြီးမြို့သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ် စုပေါင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နယ်မြေဒေသ အေးချမ်းတည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေးအတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်း လက်တွဲ၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ မိသားစုဝင်များ၏ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံ တပ်နယ်စုပေါင်းခန်းမ၌ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝမ်းက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

လက်တွေ့သိမြင်ခံစား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်တစ်ဝန်းလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီမံကိန်းများ အောင်မြင်လာသည်နှင့်အမျှ နယ်စပ်ဒေသများပါမကျန် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှု ရရှိလာသည်ကို လက်တွေ့ သိမြင်ခံစားနေကြရပြီဖြစ်ကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ဖြစ်ထွန်းတည်ရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ အေးချမ်းတည်ငြိမ်မှု ရရှိရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းကြိုးပမ်း တည်ဆောက်ကြရန်တိုက်တွန်းလိုကြောင်း၊နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်၏ စီမံကိန်းများ အောင်မြင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် အောက်ခြေအထိ ကွင်းဆင်းပြီး ပိုမိုကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း၊ ပဲခူးတိုင်းအတွင်း ယခုနှစ်တွင် မိုးစပါးဧက သိန်း ၃၀ပြည့်အောင် စိုက်ပျိုးရန် ကြိုးပမ်းလျက်ရှိရာ ကျောက်ကြီးမြို့နယ်အနေဖြင့်လည်း မိုးစပါးဧက ၈၀၀၀၀ပြည့်မီအောင် စိုက်နိုင်မှသာ ပဲခူးတိုင်း၏ ရည်မှန်းချက် ပြည့်ဝမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ ဆန်ဖူလုံမှုမရှိသေးသည့် အခြားပြည်နယ်နှင့်တိုင်းများ အတွက်ပါ စိုက်ပျိုးနိုင်သည့် မြေသယံဇာတရှိသော ပဲခူးတိုင်းက ပိုမိုတိုးချဲ့ စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်ကြီးမြို့နယ်အနေ ဖြင့်လည်း မိုးစပါးကို လျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း။

စီးပွားဖြစ်မွေးမြူ

ထို့အတူ အဓိကသီးနှံ ၁၀မျိုးအပါအဝင် အမယ်သစ်သီးနှံရေတတ်ကောင်းနှင့် ဇီဝဒီဇယ်လောင်စာဆီ ထုတ်ယူသုံးစွဲနိုင်သည့် ကြက်ဆူပင်များကိုလည်း တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိ စိုက်ပျိုး၍ နိုင်ငံတော်ကစီမံလျာထားသည့် စီမံချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မွေးမြူရေးအနေဖြင့် ဒေသကြက်ကို အိမ်တိုင်းမွေးမြူကြရန်နှင့် ဘဲမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် မွေးမြူကြရန်လိုအပ်ကြောင်း၊ သို့မှသာ ကျောက်ကြီးမြို့နယ်၏ စီးပွားရေးနှင့် လူတစ်ဦးချင်းဝင်ငွေတို့မှာ မြင့်မားလာမည်ဖြစ်ကြောင်း။

အလားတူ မြို့အင်္ဂါရပ်နှင့်အညီ မိမိဒေသ၊ မိမိမြို့သန့်ရှင်းသပ်ရပ်လှပ စေရေးအတွက်လည်း ကြိုးပမ်းလက်တွဲဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ကျောက်ကြီးမြို့ လမ်းဘေးဝဲယာတစ်လျှောက်၌ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ဇွန် ၂၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဒေဝူးအင်တာနေရှင်နယ် ကော်ပိုရေးရှင်း ဥက္ကဋ္ဌ Mr. Tae˚-˚Yong Leeအား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

ကံ့ကော်ကျွန်းတောရရိပ်သာကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၃

လှည်းကူးမြို့နယ် ကံ့ကော်ကျွန်း တောရရိပ်သာကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဦးအံ့ကူး စိန်မိသားစု ပလတ်စတစ်လုပ်ငန်း အမှတ် ၁၃ အောင်မင်္ဂလာမြို့ပတ်လမ်း ကျောက်မြောင်းနှင့် ဦးလှသိန်းကျော် တိုင်းရင်းမြန်မာသမားတော်ကြီး ဝိဇ္ဇာကျော်ဆေးတိုက် အမှတ် ၆၅ ၁၁၆လမ်း ရန်ကုန်မြို့တို့က ဦးဆောင်၍ စေတနာရှင် အလှူရှင်များက ဝါဆိုလပြည့် (ဇူလိုင် ၉ရက်) တနင်္ဂနွေနေ့တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဖုန်း-၀၉-၅၀၀ ၁၀၈၀၊ ၀၉-၅၁ ၃၇၁၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကျေးလက်ပြည်သူများ၏လူမှုစီးပွားရေးတိုးတက်ရန်ဆောင်ရွက်ပေးနေ အထွက်နှုန်းကောင်း၍ဈေးကွက်ဝင်သောမျိုးသစ်များထုတ်လုပ်ပေး ဒေသခံပြည်သူများနှင့်ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များပူးပေါင်းလုပ်ဆောင်

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးသည် ဇွန် ၁၇ ရက် နံနက် ၈ နာရီခွဲတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ ယင်းတော်ကျေးရွာ သန်လျင်တောရ မင်းကျောင်းတိုက်ဆရာတော် အရှင်နိပုဏအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆွေးနွေးမှာကြား

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ မိတ္ထီလာ အသင်းဝင်များနှင့်အတူ ကုန်းတောင်းကျေးရွာမူလတန်းကျောင်းအတွက် ဗလာစာအုပ်နှင့် ခဲတံများကို ရပ်မိရပ်ဖများနှင့် ဆရာ၊ ဆရာမများသို့ လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကုန်းတောင်းဆည်ရေဖြင့် ပထမဦးဆုံးအကြိမ် စိုက်ပျိုးထားသော နွေစပါးခင်းများအား ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

မြို့နယ် တောမကျေးရွာရှိ ပန်းတိုင်အထွက်နှုန်းကျော်လွန်စွာ စိုက်ပျိုးထားသော ရေဆင်း(၅) ပဲတီစိမ်း စိုက်ခင်းများကို ကြည့်ရှုအားပေးကာ တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေးတိုးတက်ရန် စီမံဆောင်ရွက် ပေးနေမှုများနှင့် အထွက်နှုန်းကောင်း၍ ဈေးကွက် ဝင်သောမျိုးသစ်များထုတ်လုပ်လဲ လှယ်ပေးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေး မှာကြားသည်

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူသာစည်မြို့နယ် ကုန်းတောင်းကျေးရွာရှိ ဘုန်းကံမြင့်ရှိန်ကုန်းတောင်း မဟာသိမ် စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက်

ပံ့ပိုးကူညီ

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ကုန်းတောင်းဆည်ရေဖြင့် ပထမဦးဆုံးအကြိမ် စိုက်ပျိုးထားသော ဆင်းသွယ်လတ် နွေစပါးစိုက်ခင်းများနှင့် ကုန်းတောင်းရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လယ်သမားများက ဇီဝမြေဩဇာ ပက်ဖျန်းနေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် တောင်သူများနှင့် ကျေးရွာသားများအားတွေ့ဆုံ၍ပန်းတိုင် အထွက်နှုန်းကျော်လွန် ထွက်ရှိစေရန် ဂရုပြု ဆောင်ရွက်သင့်သောအချက်များနှင့် ရိတ်သိမ်းခြွေလှေ့ရာတွင် စက်အသုံး ပြုခြင်းဖြင့် အချိန်တိုအတွင်း လုပ်ငန်းများပြီးစီးပြီး ထပ်မံစိုက်ပျိုးမည့် သီးနှံအတွက် ပြင်ဆင်ချိန် ပိုမိုရရှိခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိ နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီးလိုအပ်သည်များပံ့ပိုးကူညီပေးသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ကုန်းတောင်းဆည်သို့ သွားရောက်ပြီး ရေဝင်မှု အခြေအနေ၊ ထိန်းသိမ်းထားရှိမှုနှင့် ရေပေးဝေမှု အခြေအနေတို့ကို သွားရောက်စစ်ဆေးသည်။ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ကုန်းတောင်းရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံတော်အစိုးရက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းများနှင့် ဆက်စပ်၍ ကုန်းတောင်းဆည်မှတစ်ဆင့် နွေစပါးစိုက်ပျိုးနိုင်သည်အထိ တိုးတက်ဖြစ်ပေါ်လာမှုများ အခြေအနေ၊ နိုင်ငံတော်၏ စီမံဆောင်ရွက်မှုများအပေါ် ဒေသခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားရေးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ကုန်းတောင်း ကျေးရွာသည် ယခင်က နွေစပါးလုံးဝစိုက်ပျိုးနိုင်ခြင်း မရှိဘဲ မိုးစပါးကိုသာ စိုက်နိုင်ပြီး တစ်ဧကလျှင် ပျမ်းမျှတင်း ၃၀ ခန့်သာ ထွက်ရှိကြောင်း၊ ယခုနှစ်တွင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒေသခံပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရွာသားများ ပူးပေါင်းဆောင်ရွက်မှုကြောင့် နွေရာသီတွင် ဆင်းသွယ်လတ်စပါးမျိုးဖြင့် စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ထွန်းမှု အခြေအနေမှာ တစ်ဧကလျှင် ၁၀၅တင်းမှ တင်း ၁၂၀ အထိထွက်ရှိမည်ဖြစ်ကြောင်းသိရသည်။ ပန်းတိုင်အထွက်နှုန်း ကျော်သော စိုက်ဧကများ တိုးချဲ့နိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၂၅-၆-၂၀၀၆ ရက်နေ့

၂၀၀၆ခုနှစ် ဇူလိုင်လအတွက်
၉-၇-၂၀၀၆ ရက်နေ့
နှင့်
၃၀-၇-၂၀၀၆ ရက်နေ့

* *ကျောဖုံးမှ*

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များမှာ စိတ်ကောင်းစေတနာမှန်နှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြမည့် လူငယ်များကို မဏ္ဍိုင်ပြုပြီး စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ သက်တမ်း၁၂နှစ်ကျော်ရှိပြီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အသင်းဝင်များသည် ယခုဆိုလျှင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ တက်ကြွစွာပါဝင်ဆောင်ရွက်နေလျက်ရှိနေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာတွေ့နေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် အစဉ်ထာဝရရပ်တည်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ထာဝစဉ်သယ်ပိုးသွားကြရမှာဖြစ်ကြောင်း။ အမျှ အသင်းဝင်များ စုပေါင်းဆောင်ရွက်မှု စွမ်းအားသည်လည်း တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်း၊ အသင်းဝင်များ၏ စုပေါင်းဆောင်ရွက်မှုစွမ်းအား မြင့်မားလာသည်နှင့်အမျှ အသင်းကြီး၏ရည်ရွယ်ချက်များအတိုင်း နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအား တိုးမြှင့်ရရှိလာပြီး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်မှာဖြစ်ကြောင်း၊ အသင်းဝင်တိုင်းသည် မိမိတို့၏အရည်အချင်းများ တိုးတက်နေစေရေးအတွက် အမြဲသင်ယူ လေ့လာနေကြရမှာဖြစ်ကြောင်း။

ဆက်စပ်အသုံးပြု

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေးအထူးသင်တန်း၌ ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ အမျိုးသားနိုင်ငံရေးခေါင်းဆောင်မှုသဘောနှင့် နာခံခြင်းအလေ့အကျင့်ကောင်း၊ မှန်ကန်သော ဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ် တည်ဆောက်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာရပ်များအပြင် လက်ရှိပေါ်ပေါက်နေသော ပြဿနာများအပေါ် ရှင်းလင်းအဖြေရှာရေးအတွက်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီးဖြစ်သည့်အတွက် လက်တွေ့နယ်ပယ်တွင် ဆက်စပ်အသုံးပြုနိုင်သည်ဟု ယုံကြည်ပါကြောင်း။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၄–၆–၂၀၀၆ (စနေနေ့)
နံနက်ပိုင်း

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သိမြင်သုတ တိုးပွားစေရာ ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်မှာ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	မေးကြည့်ဖြေကြည့် ပဟေဠိ (ရီဝေယံ၊သက်မွန်မြင့်)
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	အသည်းခြောက်ရောဂါဖြစ်စေနိုင်တဲ့ အချက်အလက်များ
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (ခင်ဘုဏ်းနှင့်သူ၏အနုပညာခရီးလမ်း)
၈း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၅	ပေါ့ပေါ့ပါးပါးမြန်မြန်ဆန်ဆန်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	နိုင်ငံတကာအနုပညာရေးရာ
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	အစဉ်အလာကောင်းမည့် ရေလှောင်တမံ (ခပေါင်း)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	Language Lab (ကမာရွတ် အမက–၂)
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဖြိုးကြီး၊ စိုးမြတ်နန္ဒာ)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	ယနေ့ သိပ္ပံနှင့် နည်းပညာ (A သူမြင့်၊ သန္တာအေး)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ရှုချင်စရာ မျက်လှည့်ပဒေသာ
၁၂း၀၀	MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဒေါက်တာခင်မောင်အေး–ဒေါက်တာသန်းလှဲ့ဝင်းတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများနှင့်ပူးပေါင်းလက်တွဲ တိုးမြှင့်အကောင်အထည်ဖော်

လက်တွဲအကောင်အထည်ဖော်

နိုင်ငံသားတိုင်း၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးဖြစ်ကြောင်း၊ ပြည်သူများထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် ပြည်သူများနှင့်လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကိုထူထောင်ရာတွင် နိုင်ငံတော်၏ပကတိအခြေအနေအပေါ် မူတည်ပြီး မှန်ကန်သည့်မူဝါဒ ပကတိအခြေအနေနှင့်ကိုက်ညီသည့် လမ်းစဉ်များ၊ စေတနာပါသည့် လက်တွေ့အကောင်အထည်ဖော်မှုများနှင့် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော်ကြရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သည့် အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ စုစည်းညီညွတ်သည့် အားများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် နှစ်ပေါင်းထောင်ချီကာ စည်းလုံးညီညွတ်စွာဖြင့် ဥမကွဲ သိုက်မပျက် နေထိုင်ခဲ့ကြသည့် သမိုင်းအစဉ်အလာကြီးမားသော ပြည်ထောင်စုကြီးဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားမှုအပေါ် အခြေပြုထားသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ချမှတ်ထားသည့် အမျိုးသားရေးမူဝါဒနှင့်အညီ လက်တွေ့ကျသည့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ မှန်ကန်သည့်မူဝါဒ ပကတိအခြေအနေနှင့် ကိုက်ညီသည့် လမ်းစဉ်၊ စေတနာပါသည့် လက်တွေ့အကောင်အထည်ဖော်မှုများနှင့် အပြောမဟုတ် လက်တွေ့အလုပ်များဖြင့် ကြိုးပမ်းလျက်ရှိနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအင်အားစုသုံးရပ် ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်မှုက ဖြစ်ထွန်းလာသည့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများသည် အနာဂတ်နိုင်ငံတော်သစ်အတွက် အခြေခံကောင်းများ ဖြစ်ကြောင်း၊ နိုင်ငံတော်၏သမိုင်းရေး ဖြစ်ပေါ်တိုးတက်မှုများသည် အမျိုးသားပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းရေးကို ဦးတည်ရွေ့ရှုနေသည်ဆိုသည်ကို နားလည်သဘောပေါက်ကြရမှာဖြစ်ကြောင်း။

ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်နေ

အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ်က ပေါ်ပေါက်လာကြခြင်း မဟုတ်ဘဲ နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးမှာရှိသည့် လူထုကြားက ထွက်ပေါ်လာကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို အသင်းကြီးက ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း စုစည်းညီညွတ်စွာ ပါဝင်အကောင်အထည်ဖော်ကြရန် မွန်မြတ်သည့် စိတ်ထားနှင့်ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် ကိုယ်တိုင်ဆန္ဒပြု ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ အသင်းကြီး၏ စုစည်းညီညွတ်သည့် အားကို ရရှိစေရန် စနစ်တကျဖွဲ့စည်းမှုနှင့် စီမံမှုများကိုလည်း ပြုလုပ်ထားပြီး ဖြစ်ကြောင်း၊ အသင်းကြီးက နှစ်စဉ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေဒေသအသီးသီး၌ အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် လက်တွေ့အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နယ်မြေအတွင်း လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများအပေါ် နယ်မြေလူထု၏ ထောက်ခံအားပေးမှု ရရှိနေပြီး အသင်းဝင်အင်အားသည်လည်း ၂၃သန်းကျော်အထိ တိုးတက်လာသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်နေကြရပါကြောင်း။

တိုးတက်များပြားလာသည့် အသင်းဝင်များကို အရည်အချင်း ပြည့်ဝသော အရေအတွက်များဖြစ်အောင်လည်း လေ့ကျင့်ပျိုးထောင်ပေးနေရမှာ ဖြစ်ကြောင်း၊ အသင်းကြီးကို အသင်းဝင်များနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများ၊ ထက်မြက်မြင့်မားလာသည်နှင့်

သင်တန်းတက်ရောက်လာကြသူများသည် အသင်းအဆင့်ဆင့်၌ ဦးဆောင် ဦးရွက်ပြုနေကြသူများ ဖြစ်ကြကြောင်း၊ အသင်းအဆင့်ဆင့်၏ ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်းအလေ့အကျင့်ကောင်းများကို ကိုယ်တိုင်ခံယူပြီး မိမိတို့တာဝန်ကျရာ အသင်းဝင်များအတွင်း၌ပါ ပြန့်ပွားအောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ အသင်းဝင်များ အနေနှင့် မှန်ကန်သည့် ဦးဆောင်မှုကို ခံယူနိုင်မှသာ အတွေးအခေါ် ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာ ညီညွတ်မှု၊ အလုပ်ညီညွတ်မှုကိုရရှိပြီး ရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ်များ

နိုင်ငံတော်သစ်ထူထောင်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် စီမံအကောင်အထည်ဖော်လျက်ရှိနေကြောင်း၊ အသင်းကြီးကလည်း ထိရောက်အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ရှေ့လုပ်ငန်းစဉ်များ နှစ်စဉ်ချမှတ် အကောင်အထည်ဖော်လျက်ရှိနေကြောင်း။

အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များသည် နိုင်ငံတော်အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် ရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့်အနေနှင့် ရှေ့လုပ်ငန်းစဉ်များ၏ အကျိုးဖြစ်ထွန်းမှုကို လက်တွေ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပြီး သက်သေထူကြရမှာဖြစ်ကြောင်း။ အသင်းဝင်များ၏ အကျိုးပြုလုပ်ငန်းတိုင်းကိုလည်း ရှေ့လုပ်ငန်းစဉ်နှင့် ဆက်စပ်ရှင်းလင်းပြသရမှာ ဖြစ်ကြောင်း၊ ထိုမှသာ နယ်မြေလူထုအနေနှင့် အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်အပေါ် လက်တွေ့အကျိုးပြုလုပ်ငန်းများနှင့် ဆက်စပ်နားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိစေမှာဖြစ်ကြောင်း။

အဓိကစီးပွားရေးလုပ်ငန်း

နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ကျေးလက်ဒေသသည် နိုင်ငံတော်၌ အခြေခံအကျဆုံးဒေသဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ရေရရှိရေးအပြင် ကျေးလက်မီးလင်းရေးနှင့် စာကြည့်တိုက်ထူထောင်ရေးတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမှာ ဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြောင်း၊ အသင်းဝင် တောင်သူလယ်သမား ရှစ်သန်းကျော်နှင့် အလုပ်သမားငါးသန်းကျော်သည် ဘဝတူ တောင်သူလယ်သမား၊ အလုပ်သမားများနှင့် လက်တွဲပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသင်းကြီးအနေနှင့်လည်း တောင်သူလယ်သမား၊ အလုပ်သမားများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အားပေးကူညီဆောင်ရွက်နေသကဲ့သို့ အသင်းဝင်များကလည်း ပိုမိုအားဖြည့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဒီဇယ်ဆီအစားထိုး ကြက်ဆူပင်စိုက်ပျိုးရေးနှင့် အပင်များ ရှင်သန်ကြီးထွားပြီး ဇီဝဒီဇယ်ဆီ ရရှိသည်အထိ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တက်တက်ကြွကြွပါဝင်

လက်ရှိနိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများလိုလားတောင့်တသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးပန်းတိုင်ကိုလည်း မျက်ခြည်ပြတ်မခံခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ပကတိအခြေအနေအရ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်မှတပါး အခြားလမ်းစဉ်မရှိဟု ယုံကြည်ထားပြီးဖြစ်သည့်အတိုင်း အသင်းကြီးအနေနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားနေကြပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံသည့် လူထုအစည်းအဝေးများမှာလည်း နယ်မြေလူထုနှင့်အတူ တက်တက်ကြွကြွ ပါဝင်ခဲ့ကြပြီဖြစ်ကြောင်း။

ကာကွယ်တိုက်ဖျက်

လက်ရှိကာလတွင် နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ် ရောက်နေပြီဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများလည်း ရနေပြီဖြစ်ကြောင်း၊ သို့ရာတွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် မီဒီယာအချို့က တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများရှိနေသည်ကို တွေ့နေရကြောင်း၊ အသင်းကြီးအနေဖြင့် အဖြစ်မှန်ကို ရှင်းပြရမည့်အပြင် ထိပါးနှောင့်ယှက်မှုမှန်သမျှကိုလည်း ကာကွယ်တိုက်ဖျက်သွားကြရမှာဖြစ်ကြောင်း၊ တကယ်တော့ မိမိနိုင်ငံတော်နှင့် နိုင်ငံသားများ၏ တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုများကို နိုင်ငံသားများကသာ အလိုလားဆုံးဖြစ်ကြောင်း၊ ပကတိအခြေအနေမှန်များကိုလည်း အခြေအနေအကြောင်းကြောင်းကြောင့် မျက်ကွယ်ပြုနေကြသူ တချို့ကလွဲ၍ နိုင်ငံသားအားလုံးက အသိဆုံးဖြစ်ကြောင်း၊ ဘယ်သူတွေဘာတွေပဲပြောပြော မိမိနိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ကိုယ်တိုင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် မိမိတို့နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နယ်မြေမှာရှိသည့် ပြည်သူများနှင့် ပူးပေါင်းလက်တွဲပြီး တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **သင်တန်းတက်ရောက်လာကြသူများသည် ပြည်နယ်၊ တိုင်း၊ ခရိုင် အသင်းအလုပ်အမှုဆောင်များ ဖြစ်ကြပြီး နိုင်ငံတော်၏ ပကတိအရှိတရားကို သိမြင်၊ မိမိထမ်းဆောင်ရသည့် တာဝန်၏အရေးပါမှုကို နားလည်ပြီး၊ နိုင်ငံက အားထားရသူများဖြစ်အောင် အစဉ်ကြိုးပမ်းသွားကြပါ။**
- **အသင်းကြီး၏ မူဝါဒများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး ယုံကြည်ချက်၊ ခံယူချက်မြင့်မားသူများဖြစ်အောင် အစဉ်ကြိုးပမ်း ဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ခေါင်းဆောင်မှုသဘောနှင့် နာခံခြင်းအလေ့အကျင့်ကောင်းကို အသင်းဝင်များအတွင်း ပျံ့နှံ့စေပြီး စည်းလုံးညီညွတ်သည့်အားကို ရယူနိုင်ရေး ကြိုးပမ်းသွားကြပါ။**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ ပြည်သူများ၏ စုစည်းညီညွတ်သည့်အားကို ရယူနိုင်ရေး စည်းရုံးဆောင်ရွက်သွားကြပါ။**
- **အဖျက်အမှောင့်အန္တရာယ်များကို မပြတ်သောသတိနှင့် တွန်းလှန်ကာကွယ်သွားကြပါ**

ဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်၊ တိုင်းနှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ ၂၀၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၂ရက်မှ ယနေ့အထိဖြစ်သည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ အမှိုက်၊ ခြင်ကျား၊ ဆေးလိပ်ကင်းစင်ကျောင်းဆိုင်းဘုတ်စိုက်ထူပွဲကို ဇွန် ၁၈ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၄၆)

အငြိမ်းစားတို့ စကားဝိုင်း(၁၆)

ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် ၂၀၀၆ခုနှစ် မေလ ၁၃ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ ပဲခူးတိုင်း စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ထန်းတပင်မြို့နယ်နှင့် သပြေညွန့်ကျေးရွာ၊ ကျောက်ကြီးမြို့နယ် မုန်းဒေသတို့တွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိရေးဆောင်ရွက်နေမှု အခြေအနေ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အနေအထား၊ KNUသောင်းကျန်းသူအချင်းချင်း အာဏာလုသတ်ဖြတ် ညှဉ်းဆဲမှုကြောင့် လွတ်မြောက်ရာသို့ ထွက်ပြေးနေရမှုများနှင့် KNU တို့၏ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီး မှုများကြောင့် ဒေသခံပြည်သူအချို့ အတိဒုက္ခရောက်နေပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လိုက်ပါ၍ ရှင်းလင်းပြသခဲ့ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၆ခုနှစ် ဇွန်လ ၁၀ရက်နေ့တွင် ကျင်းပသော အစိုးရကွန်ပျူတာကောလိပ်(ဘားအံ) ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း တွေ့ရပါသည်။

သံအမတ်ကြီးများနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ ၂၀၀၆ခုနှစ် ဇွန်လ ၁၁ရက်နေ့တွင် နိုင်ငံတော်အစိုးရက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေပုံများ၊ DKBAအဖွဲ့၊ ဖဒိုအောင်ဆန်းဦးစီးသောအဖွဲ့နှင့် ဦးစောသမူဟဲဦးစီးသောအဖွဲ့တို့ KNUမှ ခွဲထွက်ခဲ့သော အကြောင်းအရင်းများ၊ နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး နယ်မြေအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်နေပုံများအား လှည့်လည်ကြည့်ရှုသည့် လေ့လာရေးခရီးစဉ်၌ ပြန်ကြားရေးဝန်ကြီးလိုက်ပါ၍ ရှင်းလင်းပြသခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၀၆ခုနှစ် မေလနှင့် ဇွန်လအတွင်း နေ့စဉ်ထုတ်သတင်းစာများတွင် NLD နှင့် လက်အောက်ခံ SNLD ပါတီတို့မှ ပါတီဝင်များသည် ပါတီ၏ချမှတ်ထားသော မူဝါဒအမှားများနှင့် လုပ်ဆောင်နေမှုအမှားများကြောင့် ပါတီမှ အစုလိုက်အပြုံလိုက် နုတ်ထွက်နေကြမှု သတင်းများကို နေ့စဉ်လိုလိုပင် တွေ့ရှိနေရပါသည်။

အဆိုပါ သတင်းများနှင့် ဆက်စပ်၍ ကျွန်တော်တို့ အငြိမ်းစား တစ်သိုက်ဆုံမိကြချိန်တွင် စကားဝိုင်းဖွဲ့မိကြပါသည်။

'ဒို့နိုင်ငံကို စိတ်ကြိုက်စိုးမိုး ခြယ်လှယ်လိုတဲ့ ငပွကြီးနိုင်ငံနဲ့ ပြည်တွင်းပြည်ပ မြေပေါ်မြေအောက်က လက်ဝေခံသူ့တပည့်တွေ အစီအမံရှိရှိနဲ့ တစ်ခုပြီးတစ်ခု အမျိုးမျိုးဖန်တီး၊ လုပ်ကြံ၊ ပုံကြီးချဲ့ စွပ်စွဲနေတာ တွေ့နေရတယ်'

'အေးဟ- ဒို့နိုင်ငံ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်ရောက်နေ၊ လျှောက်နေတာကို မရှုဆိတ်ဘဲ ဖျက်လိုဖျက်ဆီး လုပ်ကြတာ ထင်ထင်ရှားရှား တွေ့နေရတယ်'

'အဲဒီနိုင်ငံကြီးကတော့ ခေတ်အဆက်ဆက် သူ့နိုင်ငံသူ့လူမျိုး အကျိုးစီးပွားအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဝင်ရောက်ခြယ်လှယ်ပြီး ဗိုလ်ကျစိုးမိုးလုပ်ဆောင်နေတာ ဒို့အားလုံးအမြင်ပဲလေ။ သူ့ရဲ့ ပစ်မှတ်နိုင်ငံများက အကြောင်းအမျိုးမျိုးနဲ့ ထွက်ပြေးလာကြသူတွေကို ပြည်ပြေးတွေအဖြစ်နဲ့ ကျွေးမွေးပေးကမ်း လက်သပ်မွေးထားပြီး အဲဒီလူတွေကို လိုအပ်တဲ့ အချိန်မှာ လိုအပ်သလို ထုတ်သုံးနေတဲ့ အဖြစ်အပျက်တွေ သမိုင်းကြောင်းမှာလဲ အထင်အရှားရှိခဲ့သလို၊ အခုလက်ရှိမှာလဲ တွေ့နေရတာပဲ'

'ကမ္ဘာမှာ ပြိုင်ဘက်မရှိတဲ့ အင်အားကြီးနိုင်ငံဖြစ်နေတာကိုးဟ။ စစ်ရေးမှာလဲ ထိပ်၊ စီးပွားရေးမှာလဲ ထိပ်ဆိုတော့ အရာရာမှာ စစ်အင်အား၊ ငွေအင်အားတွေနဲ့ စံနှုန်းနှစ်မျိုးထားပြီး လိုရင်လိုသလို မလိုရင်မလိုသလို လုပ်နေတာပေါ့။ သူ့နိုင်ငံအကျိုးစီးပွားအတွက်ဆိုရင် စစ်အင်အားသုံးရမှာလဲ ဝန်မလေးဘူး၊ ဘယ်နိုင်ငံက ပြည်သူတွေ ဘာတွေပဲဖြစ်နေဖြစ်နေ ဂရုလဲမစိုက်ဘူး'

'အေး- ငါမခံချင်တာက အဲ့ဒါပဲဟ၊ သူလုပ်ရင်အမှန် သူများလုပ်ရင် အမှားပဲ။ သူကတော့ လုပ်ချင်တာလုပ်မယ်၊ လိုရင်ဖမ်းမယ်၊ ချုပ်ထားမယ်၊ နှိပ်စက်ညှဉ်းပန်းမယ်၊ ကျူးကျော်တိုက်ခိုက်မယ်ဆိုတာတွေကို ဥပဒေမဲ့လုပ်နေတာတွေ ဒို့ဖတ်ရှုမြင်တွေ့နေရတာပဲ။ ဒါ့အပြင် အခြား သူမလိုလားတဲ့နိုင်ငံတွေကိုလဲ လူ့အခွင့်အရေးတို့၊ ဒီမိုကရေစီတို့နဲ့ ကိုင်ပေါက်ပြီး အမျိုးမျိုးစွပ်စွဲလုပ်ကြံ ဟန့်တားနှောင့်ယှက် ပိတ်ဆို့နဲ့ ထင်သလို ကျဲနေတယ်လေ'

'ဒါတွေအားလုံးချုပ်လိုက်ရင် သူ့နိုင်ငံ သူ့အမျိုးသားအကျိုးစီးပွားအတွက် ကမ္ဘာမှာ အမြဲတမ်းထိပ်ဆုံးနေရာမှာပဲ ရပ်တည်နိုင်အောင် လုပ်ဆောင်နေတာပဲဆိုတာ မြင်နိုင်တယ်။ သူ့နိုင်ငံအကျိုးစီးပွားကို ထိခိုက်မယ်ဆိုရင် မိတ်ဆွေနိုင်ငံလို့ သတ်မှတ်ထားတဲ့ နိုင်ငံတွေ အပါအဝင် ဘယ်နိုင်ငံကိုပဲဖြစ်ဖြစ် တန်ပြန်အရေးယူဆောင်ရွက်တာတွေလဲ တွေ့နေရတာမို့ ဒို့နိုင်ငံဒို့လူမျိုး အကျိုးအတွက် အခုလို ဝင်ရောက်နှောင့်ယှက် ဟန့်တားပိတ်ဆို့နေတာ မဟုတ်ဘူးဆိုတာ ဒို့ပြည်သူတွေ အားလုံးသတိပြုကြရမယ်'

'ဘားအံရှင်းလင်းပွဲမှာ သတင်းသမားတစ်ဦးရဲ့ အမေးဖြစ်တဲ့ အင်အားကြီး နိုင်ငံတစ်ခုနဲ့ အပေါင်းပါ NGO အဖွဲ့အစည်းတွေကပါ မြန်မာနိုင်ငံရဲ့ အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ တင်သွင်းပြီး အရေးယူဆောင်ရွက်နိုင်အောင် ကြိုးစားနေတာကို မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုသဘောထားပါသလဲဆိုတဲ့ မေးခွန်းကို ပြန်ကြားရေးဝန်ကြီးက အကြောင်းအချက်စုံစုံလင်လင်နဲ့ အချက်ကျကျ ပြန်လည်ဖြေကြားသွားတာ အားရတယ်ဟေ့'

'အတိုချုပ် ပြန်ပြောရရင်တော့ ဒို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေဟာ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတယ်လို့ စွပ်စွဲပြီးတော့ လုံခြုံရေးကောင်စီမှာတင်ဖို့ ကြိုးစားနေတာဖြစ်ကြောင်း၊ ဒို့နိုင်ငံရဲ့ အခြေအနေတွေက နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုမဆိုထားနဲ့ ဒေသအတွင်းငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိုပင်လျှင် မခြိမ်းခြောက်ကြောင်း၊ ဒေသအတွင်းကို မဆိုထားနဲ့ အိမ်နီးချင်းနိုင်ငံ

ဟင်္သာနီ်းမြင့်

တစ်နိုင်ငံရဲ့ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို မခြိမ်းခြောက်ကြောင်းကို အကြောင်းအကျိုးခိုင်လုံစွာနဲ့ ရှင်းပြသွားတယ်'

'အဲဒီစွပ်စွဲချက်တွေဟာ လုပ်ကြံဖန်တီး ပုံကြီးချဲ့ထားတာတွေ ဖြစ်ကြောင်းကို လက်တွေ့မျက်မြင်ရှင်းလင်း ပြသခဲ့သလို သမိုင်းကြောင်း အဖြစ်အပျက် အမှန်တွေနဲ့လဲ အသေးစိတ်ရှင်းပြသွားတာ တွေ့ရတယ်'

'ငါ- သဘောအတွေ့ဆုံးကတော့ KNU အဖြစ်နဲ့ ဆယ်စုနှစ်ပေါင်း သုံးစုကျော်လောက် နေထိုင်ခဲ့ရာမှ ဥပဒေဘောင်အတွင်း ရောက်လာကြတဲ့ DKBAက ဦးသာထူးကျော်နှင့် ဖထီးဖဒိုအောင်ဆန်း၊ ဖထီးဦးစောသမူဟဲတို့ ကိုယ်တိုင် သူတို့ရဲ့အတွေ့အကြုံတွေကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောကြားသွားချက်တွေပဲဟ'

'အေး-သူတို့ပြောကြားချက်အရ တပ်မတော်အနေနဲ့ ရွာမီးရှို့၊ လူသတ်၊ မုဒိမ်းကျင့်၊ ရွာသူရွာသားတွေကို နယ်နှင်တာမျိုးမရှိခဲ့ဘူး။ မရှိဘူးဆိုတာ ပေါ်လွင်သလို KNU တို့ရဲ့ ရွာသားတွေထံက ဆက်ကြေးကောက်၊ အခွန်ကောက်၊ သစ်ခိုးထုတ်၊ မိုင်းထောင်၊

> **KNU ခေါင်းဆောင်ကြီးတွေက ငြိမ်းချမ်းရေးကို ဟန်ပြသဘောမျိုး လူကြားကောင်းအောင်၊ ငယ်သားတွေကျေနပ်အောင် လုပ်ပြနေကြတာကိုး။ နောက်ပြီး ပြည်ပနိုင်ငံကြီးတွေကနေ အထောက်အပံ့အဖြစ်နဲ့ ဒေါ်လာတွေမြက်မြက်လေးရနေတော့ ပြည်ပဆရာကြီးက စေခိုင်းသလိုနာခံပြီး လိုက်လုပ်ကြ၊ ပြည်ပအသံလွှင့် ဌာနတွေကနေ သူတို့ရဲ့ ဆရာကြီးတွေ သဘောကျအောင် နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်လုပ်ကြံပြောဆိုနေကြတာကိုး။**

လူသတ်၊ ရွာမီးရှို့ ရွာသားတွေကို တပ်မတော်နဲ့ မတွေ့ရအောင် အတင်းအဓမ္မရှောင်ခိုင်း၊ ဒုက္ခသည်စခန်းသို့ အတင်းရွှေ့ပြောင်းစေခဲ့တာတွေ ပိုမိုပေါ်လွင်လာတယ်'

'KNU အတွင်း လူမျိုးရေး၊ ဘာသာရေး ခွဲခြားတာတွေ၊ KNU လူကြီးတွေ တစ်ဖက်နိုင်ငံမှာ အိမ်နဲ့ကားနဲ့ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေနဲ့ ဟန်ကျနေတာတွေ၊ သူတို့ရဲ့ သားသမီးတွေကို ပြည်ပနိုင်ငံတွေမှာ ပို့ထားပြီး စာသင်ကြားနေကြတာတွေ အကုန်ပေါ်တာပဲ"

'ငါ အရင်ကတည်းက သောင်းကျန်းသူခေါင်းဆောင်တွေ စီးပွားရေး တွက်ခြေကိုက်ပြီး တစ်ဖက်နိုင်ငံမှာ ကြီးပွားနေကြတာတွေ၊ အခြေချနေထိုင်ကြတာတွေကို ပြောဖူးပါတယ်'

'ဟုတ်ပ၊ ဒါကြောင့်လဲ **KNU ခေါင်းဆောင်ကြီးတွေက ငြိမ်းချမ်းရေးကို ဟန်ပြသဘောမျိုး လူကြားကောင်းအောင်၊ ငယ်သားတွေကျေနပ်အောင်လုပ်ပြနေကြတာကိုး။ နောက်ပြီး ပြည်ပနိုင်ငံကြီးတွေကနေ အထောက်အပံ့အဖြစ်နဲ့ ဒေါ်လာတွေမြက်မြက်လေးရနေတော့ ပြည်ပဆရာကြီးက စေခိုင်းသလိုနာခံပြီး လိုက်လုပ်ကြ၊ ပြည်ပအသံလွှင့် ဌာနတွေကနေ သူတို့ရဲ့ဆရာကြီးတွေ သဘောကျအောင် နိုင်ငံတော် အစိုးရအပေါ် ဆန့်ကျင်လုပ်ကြံပြောဆိုနေကြတာကိုး'**

'ဒုက္ခသည်စခန်းဆိုတာ KNU တို့စခန်းဖြစ်တယ်။ KNUတွေက ဒုက္ခသည်စခန်းအမည်ခံပြီး အထောက်အပံ့တွေ ရနေကြတယ်။ ဒုက္ခသည်စခန်းမရှိရင် KNU သောင်းကျန်းသူတွေ ရပ်တည်နိုင်တော့မှာ မဟုတ်ဘူးဆိုတာလဲ ထင်ရှားပါတယ်။'

'ဖဒိုအောင်ဆန်းနဲ့အဖွဲ့အင်အား ၂၁၃ဦးတို့ ဘယ်လို ဥပဒေဘောင်တွင်း ရောက်အောင်လာခဲ့တယ်ဆိုတဲ့ သူရဲ့ခရီး စဉ်ပြောကြားချက်မှာ တစ်တောင်တက်တစ်တောင်ဆင်းနဲ့ လာခဲ့တာ ညသန်းခေါင်အရောက် တောင်ပေါ်မှာအိပ်၊ နံနက်မိုးလင်းမှ ဆက်ထွက်ပြီး သောင်းရင်း မြစ်ဖြတ်လို့ အမိနိုင်ငံအတွင်း ပြန်လည်ခြေချ ရောက်ရှိခဲ့တယ်လို့ ပါတယ်မဟုတ်လား။ အဲဒါ တစ်ဖက်နိုင်ငံမှာနေခဲ့ပြီး အဲဒီကမှ ဒို့နိုင်ငံဘက်ကို နယ်ခြားဖြစ်တဲ့ သောင်းရင်းမြစ်ဖြတ်လို့ ပြန်ဝင်ရောက်ခဲ့တယ်ဆိုတာကို သိနိုင်တယ်လေ'

'KNU တွေ တစ်ဖက်နိုင်ငံထဲမှာ အခြေပြုနေတယ်ဆိုတာရယ်၊ ဒုက္ခသည်စခန်း အမည်ခံစခန်းတွေမှာနေတယ်ဆိုတာ သိသာနိုင်ပါတယ်'

'နိုင်ငံခြား သံတမန်တွေထဲက အမေရိကန်သံရုံး ဒုတိယ အတွင်းဝန်ဆို သူမေးသွားတာနဲ့ပတ်သက်ပြီးကော ဘာထူးခြားတာ မင်းတို့တွေ့မိသလဲ'

'DKBA က ဦးသာထူးကျော်ကိုမေးတာလေ၊ ဘာများထူးခြားလို့လဲ'

'သတိမမူဂူမမြင် သတိမူတော့ မြူတောင်မြင်တယ်ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ သူမေးသွားတာမှာ ကရင်ဘာသာနဲ့ကော၊ အင်္ဂလိပ်ဘာသာနဲ့ပါ မေးသွားတာတွေ့လိုက်ကြားလိုက်ရတယ်လေ။ သံတမန်တစ်ယောက်အနေနဲ့ ကရင်ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုနိုင်တာကို မင်းတို့ဘာသာဆက်စပ်တွေးတော ကြည့်ပေါ့ကွာ'

'နောက်ပြီး အမေရိကန်က လူဝင်ခွင့်ဥပဒေကို ခြွင်းချက်ပေး ပြုပြင်ပြီး မြန်မာနယ်စပ်က ဒုက္ခသည်အမည်ခံ စခန်းတွေမှာရောက်နေတဲ့သူတွေကို လက်ခံဖို့ခြေလှမ်းပြင်ဆင်နေသတဲ့လေ'

'အေး မင်းပြောမှပဲသတိပြုမိတယ်၊ KNU ကို အလွန်စိတ်ပါဝင်စားလို့ပဲ ဖြစ်မှာပေါ့--ဟဲ--ဟဲ'

'ပြည်ပအသံလွှင့်ဌာနတွေက ဘားအံရှင်းလင်းပွဲ သတင်းနဲ့ ပတ်သက်ပြီး KNUနဲ့ ဗျူးတာကိုရော ကြားလိုက်ရသေးလား'

'နားမထောင်မိပါဘူးကွာ၊ ဒါပေမယ့် အရင်အတိုင်းပဲ အလင်းဝင်တွေနဲ့ ကိုယ်တိုင်တွေ့ကြုံခံစားရတဲ့ ဒေသခံပြည်သူတွေရဲ့ရင်ဖွင့်ချက်အမှန်တွေကို မေး/ဖြေမှာ မဟုတ်ပါဘူး၊ ငြင်းလို့လွယ်မယ့်ကိစ္စသာ မေးမယ်၊ KNU ဘက်ကလဲ မဟုတ်ပါဘူး မမှန်ပါဘူးနဲ့ နိုင်ငံတော်အစိုးရကိုပဲ ထပ်ဆင့်စွပ်စွဲကြမယ်လေ'

'မှန်ပါ့ကွာ၊ ဦးသာထူးကျော်၊ ဖထီး ဖဒိုအောင်ဆန်းနဲ့ ဖထီးစောသမူဟဲတို့ ရှင်းလင်းပြောကြားသွားတဲ့ KNU တို့ရဲ့ လုပ်ဆောင်နေကျ အကျင့်စရိုက်တွေ၊ ပြည်သူလူထုအပေါ် အဓမ္မအနိုင်ကျင့်လုပ်ဆောင်မှုတွေ၊ ဘာသာရေးခွဲခြားမှုတွေ၊KNUလူကြီးတွေ တစ်ဖက်နိုင်ငံမှာ အခြေစိုက်လို့ ကြီးပွားချမ်းသာနေကြပြီး သူတို့ရဲ့ သားသမီးတွေကို နိုင်ငံခြားစေလွှတ်ပညာသင်ကြားနေကြတာတွေ၊ ပြည်ပက အထောက်အပံ့ကို ရယူသွေးထိုးမြှောက်ပင့်မှုတွေကို ယုံကြည်ပြီး ခေါင်းဆောင်ပိုင်းက ပြည်ပသြဇာခံတပည့်အဖြစ်နဲ့ စေခိုင်းသမျှ လိုက်လုပ်နေကြပုံတွေ၊ KNUတို့ရဲ့ဒုက္ခသည်စခန်း ကိစ္စရပ်တွေ စတဲ့ မငြင်းနိုင်တဲ့ အဖြစ်မှန်တွေကို မမေးကြ မပြောကြဘူးလေ။ တပ်မတော်ကပဲ စစ်ဆင်ရေးလုပ်လို့ ကရင်တိုင်းရင်းသားတွေ ဒုက္ခရောက်ကြရပုံကိုပဲ တစ်ဖက်သတ် လုပ်ကြံပုံကြီးချဲ့ပြီး ထပ်ခါတလဲလဲ မေး/ဖြေနေကြလေရဲ့။

''သူတို့လုပ်နေကျပဲကွာ၊ ဒို့ပြည်သူအားလုံးလဲ သူတို့တစ်တွေရဲ့ လုပ်ရပ်တွေအပေါ် နာကျေနေကြပါပြီ'

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပျဉ်းမနားမဂ္ဂဇင်းများနှင့်အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်ဦးကျော်ညွန့်(ကျော်ညွန့်ရည်)နှင့်ဇနီး ဒေါ်ဝါဝါကျော် မိသားစုတို့က ငွေကျပ် ၄ ဒသမ ၄ သိန်း တန်ဖိုးရှိ ချစ်နိုင် (စိတ်ပညာ)၏ **“မောင်တို့မယ်တို့ချစ်တဲ့ တို့တိုင်းပြည်”**စာအုပ် ၄၀၀၊ ငွေကျပ် ၁၃သိန်း တန်ဖိုးရှိ ပျဉ်းမနား မဂ္ဂဇင်းစာအုပ် ၆၅၀နှင့် အလှူငွေကျပ်၁၀သိန်း စုစုပေါင်း ၂၇ ဒသမ ၄ သိန်းတန်ဖိုးရှိ စာအုပ်နှင့် အလှူငွေများကို ယနေ့မွန်းလွဲ ၂နာရီက အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လာရောက်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းစာအုပ်များနှင့် လှူဒါန်းငွေများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်**(အောက်ပုံ)** က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ အလှူရှင် မိသားစုနှင့်အတူ ပျဉ်းမနားမြို့ အထက(၁)နှင့် အထက(၂) အထက်တန်းပြ ဆရာဟောင်း ဦးအောင်ထွန်းခိုင်၊ ဆေးဘက်ပညာသင်တက္ကသိုလ်မှပါမောက္ခ(ငြိမ်း) ဦးထွန်းအောင်ဇံ၊ ကျော်ဝင်းကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဦးတင့်ဆန်းတို့လည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(ပြန်/ဆက်)**

ဘုံမြင့်ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၃

ပျဉ်းမနားမြို့ ရွှေချီရပ် သီရိမင်္ဂလာဘုံမြင့်ပရိယတ္တိစာသင်တိုက်ကြီးရှိ စာချစာသင်သံဃာတော်အပါး ၈၀ကျော်တို့အား (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်၉ရက်(ဝါဆိုလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကျောင်းတိုက်နာယကဆရာတော် ဖုန်း–၀၆၇–၂၁၁၅၅မှတစ်ဆင့် အကျိုးဆောင်ဆရာတော် ဦးသာသနထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့

စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ ခုနှစ်

ဇူလိုင်လ (၁)ရက်မှ (၂)ရက်

ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း

ရန်ကုန်မြို့။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

‘NLDကော၊ KNUကော သူတို့ရဲ့လုပ်ရပ်တွေကို ပြန်ကြည့်ရင် စတင်ဖွဲ့စည်းဖြစ်ပေါ်ကတည်းက နိုင်ငံအတွက်၊ နိုင်ငံသားတို့အတွက် ကောင်းကျိုးဆိုလို့ ဘာတစ်ခုများလုပ်ခဲ့တာ၊ လုပ်နေတာမြင်ခဲ့ဖူးသလဲ ဆန်းစစ်ကြည့်ပါဦးကွာ။ ငါတော့ တစ်ခုဆိုတစ်ခုမှ မတွေ့ဘူး၊ ဆိုးကျိုးတွေကိုသာ ဆက်တိုက်တစ်ခုပြီးတစ်ခု အပ်ကြောင်းထပ်နေအောင် လုပ်နေတာ တွေ့ရတယ်၊ပြည်တွင်းအားကို အခြေမခံ၊ ပြည်ပကိုသာ အခြေခံအားကိုးပြီး ပြည်ပဆရာကြီးက အကွက်ချစီစဉ်ခိုင်းစေတဲ့အတိုင်း လိုက်ပြောလိုက်လုပ်နေတာပဲ တွေ့ရတယ်’

KNU တို့ရဲ့သမိုင်းကြောင်းပြန်ကြည့်ရင် လူသတ်၊ ဆက်ကြေးကောက်၊ မိုင်းထောင်ဖောက်ခွဲ၊ ဓားပြတိုက်၊ လုယက်၊ မုဒိမ်းကျင့်၊ မှောင်ခိုလုပ် စတဲ့ မကောင်းမှုမှန်သမျှကို လက်ရဲဇက်ရဲ ကျူးလွန်ခဲ့ကြသလို လူမျိုးရေး ဘာသာရေးအရလဲ ခွဲခြားကျင့်သုံးလုပ်ဆောင်ခဲ့ကြတာပဲရှိတယ်။ အခုလဲ လုပ်ဆောင်နေတုန်းပဲ။ အရင်ထက်ပိုဆိုးလာတာက ပြည်ပအားကိုးပြီး အထောက်အပံ့တွေယူ၊ ပြည်ပသြဇာခံလို့ ခေါင်းဆောင်ပိုင်းက မိသားစုပါ အပါအဝင်နဲ့ အခွင့်ထူးခံ အသာစံနေကြတာတွေ၊ ပြည်ပဆရာကြီးက ခိုင်းတာတွေကို လိုက်လုပ်နေကြတာတွေ ပိုဖြစ်လာကြတာပဲ’

‘စိုးမြကျော်နဲ့ စောမြအောင်တို့ရဲ့ KNU ဟာ တကယ်တော့ ... ဆိုတဲ့ ဆောင်းပါးကိုဖတ်လိုက်ရတယ် မဟုတ်လား၊ အဲဒီမှာမပါသေးတဲ့ KNU ရဲ့ အကြမ်းဖက်လုပ်ရပ်တွေ အများကြီးရှိသေးတယ်’

‘NLDကကော ဘာထူးလို့လဲဟ၊ စတင်ဖွဲ့ကတည်းက ကွန်မြူနစ်တွေပါ ပါလာပြီး ကွဲကြပြဲကြနဲ့ ဒီမိုကရေစီကိုအော်နေပြီး ပါတီတွင်းမှာတောင် ဒီမိုကရေစီမရှိ၊ အာဏာရှင်စနစ်ကျင့်သုံးနေတာ အမြင်ပဲလေ၊ ချမှတ်ထားတဲ့မူဝါဒတွေကလဲ လွဲမှား၊ ကျင့်သုံးလုပ်ဆောင်နေကြတာတွေကလဲ နိုင်ငံနဲ့ ပြည်သူလူထုကို ဒုက္ခမရောက် ရောက်အောင်၊ ဘေးကျပ်နံကျပ် မဖြစ်ဖြစ်အောင် ပြည်ပအားကိုးပြီး ပြည်ပဆရာကြီးရဲ့ အကွက်ချ စီစဉ်ပေးတဲ့အတိုင်း လိုက်လုပ်နေတာပဲဟာ’

‘အေးဟ– ပိတ်လေးပိတ်နဲ့ နိုင်ငံတော်ကို မဖွံ့ဖြိုး မတိုးတက်အောင်၊ ပြည်သူတွေ ဒုက္ခမရောက်ရောက်အောင် ပြည်ပဆရာကြီးကို တောင်းဆိုပြီးလုပ်ထားတာ၊ အခုထက်ထိပဲ နောင်မကြဉ်ကြသေးဘူးလေ’

‘သူတို့အစိုးရတက်တော့မှပဲ နိုင်ငံတော်ဖွံ့ဖြိုးစေ၊ အခုတော့ ဒုက္ခစုံကို ခါးစည်းခံကြစေဆိုပြီး ဒုက္ခပေးနေကြတာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးလို့ တားဆီးမိန့်နဲ့ ထိန်းထားတာကိုပဲ လူ့အခွင့်အရေးမရှိ၊ လူ့အခွင့်အရေးကို ချိုးဖောက်တယ်လို့စွပ်စွဲနေကြသေးတယ်။ တပ်မတော် အစိုးရက စိတ်ရှည်ရှည်နဲ့ ထိန်းထိန်းသိမ်းသိမ်းလုပ်နေတာကိုပဲ အပြစ်ဆိုချင်ကြသေးတယ်ဟ”

“မကြာခင်ကပဲ NLDနဲ့ ဗျူးတာကို ကြားလိုက်ရသေးတယ်။ ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်သိန်းက ဘယ်လိုပြောသွားတယ်ထင်သလဲ၊ NLDက တစ်လျှောက်လုံး ပြည်သူတွေရဲ့ အကျိုးအတွက် ဘာမျှမလုပ်ဘူးလို့ သတင်းစာရှင်းလင်းပွဲမှာ ပြောသွားတာမမှန်ကြောင်း၊ ပြည်သူတွေရဲ့ ဆန္ဒအစစ်အမှန်က လုံခြုံစိတ်ချရတဲ့ဘဝ၊ လုံခြုံစိတ်ချရတဲ့နေထိုင်မှုဖြစ်ဖို့ ဒီမိုကရေစီတစ်ခုဖြစ်ဖို့အတွက် ဖြစ်တယ်။ ဒါကြောင့် ဒီမိုကရေစီနိုင်ငံ အစစ်အမှန်တစ်ခုဖြစ်ဖို့အတွက် NLD က ရပ်တည်ပြီး ကြိုးစားနေခြင်း ဖြစ်ပါတယ်လို့ ဆိုသွားတယ်”

“နေပါဦး–လုံခြုံစိတ်ချရတဲ့ ဘဝနဲ့ နေထိုင်မှုအတွက် ပိတ်လေးပိတ်လုပ်ထားတဲ့ သဘောပေါ့နော်။ သူတို့ပြောတဲ့ ဒီမိုကရေစီနိုင်ငံ အစစ်အမှန်ဖြစ်မှ ပိတ်လေးပိတ်ကိုပြန်ဖွင့်၊ အဲဒီတော့မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေ၊ ပြည်သူတွေလဲ ချမ်းသာကြွယ်ဝစေ သဘောပေါ့နော်”

“အခုတောင် ၁၈နှစ်ကျော်နေပြီလေ၊ နိုင်ငံတော်နဲ့ ပြည်သူလူထုကို ဒုက္ခပေးအကျပ်ကိုင်ထားလို့ နိုင်ငံနဲ့ ပြည်သူတွေ အတိုင်းအတာတစ်ခုအထိ နစ်နာနေခဲ့ရတာ၊ ဒါကိုတောင် သူတို့ပါတီက ပြည်သူ့ဆန္ဒနဲ့အညီ ဖြစ်ပေါ်အောင်လုပ်နေတာပါလို့ ဆိုရဲသေးတယ်နော်”

“အာဏာပဲကွ၊ NLDကို ဖျက်ဆီးနေတာ အာဏာပဲ၊ အာဏာကို ဖြတ်လမ်းက အမြန်ရဖို့အတွက် တောင်းပွဲ၊ တိုက်ပွဲ၊ ပိတ်ပွဲတွေနဲ့ ပြည်သူလူထုကို အကျပ်ကိုင်နေတာလေ၊ ပြည်သူလူထုအုံကြွမှ သူတို့အာဏာရမယ်ဆိုတဲ့ ရည်ရွယ်ချက်ပဲရှိတယ်၊ အဲဒီလို မူဝါဒတွေမှား၊ လုပ်ရပ်တွေ မှားပြီး ပြည်သူလူထုကိုသာ ဒုက္ခဆင်းရဲရောက်စေတာမို့ အခု သူ့ပါတီဝင်တွေတောင် နေရာအနှံ့မှာ ပြည်သူလူထုသိအောင် ကြေညာပြီး နုတ်ထွက်နေကြလေရဲ့”

“အေး–အဲဒီလိုနုတ်ထွက်နေကြတာကိုပဲ မိမိပါတီအတွင်း ပြန်လည်သုံးသပ်ပြုပြင်ကြရမယ့်အစား နိုင်ငံတော်နဲ့ အဖွဲ့အစည်းတွေက အကျပ်ကိုင်ခြိမ်းခြောက်လို့ပါဆိုပြီး ပြောနေကြသေးတယ်။ နောက်ပြီး နုတ်ထွက်သူတွေကပဲ သူတို့နဲ့ ဆက်သွယ်နေတယ်လို့လဲ ဆိုရဲသေးတယ်နော်”

“အာဏာကို သိပ်မက်မော၊ ပြည်ပကိုသိပ်အားကိုး၊ ပြည်ပကဆရာကြီးနဲ့ ပြည်ပြေးတွေရဲ့မြှောက်ပင့်မှုကို သဘောတွေ့နေကြလေတော့ အမှန်ကိုလဲ မမြင်နိုင်၊ နိုင်ငံနဲ့ ပြည်သူတွေ တိုးတက်ဖွံ့ဖြိုးချမ်းသာမှာကိုလဲ မလိုလား၊ မရှုမြင်ချင် ဖြစ်နေတော့တာပေါ့’

‘အေးကွာ၊ ဒို့နိုင်ငံရေ့ရေးအတွက် ဘယ်ပါတီကိုများ အားကိုးနိုင်ပါမလဲဆိုတာ မတွေးဝံ့စရာပါပဲလေ။ လွတ်လပ်ရေးရကတည်းက နိုင်ငံရေးပါတီ အကွဲအပြဲနဲ့ အချင်းချင်းခွက်စောင်းခုတ်နေကြတာတွေ၊ အစိုးရဘက်မှာလဲ သန့်ရှင်း၊ တည်မြဲဖဆပလဆိုပြီးကွဲ၊ သန့်ရှင်းက ပထစအမည်နဲ့ မဲနိုင်ပြီးအစိုးရဖြစ်လာတော့ ဦး၊ ဗိုလ်၊ သခင် ဆိုပြီးကွဲပြန်ရော၊ ဒီလိုပဲ သောင်းကျန်းသူအဖွဲ့တွေလဲ ကွဲကြ၊ ပြဲကြ၊ ဖြုတ်၊ ထုတ်၊ သတ်၊ လုပ်ကြနဲ့ အကွဲသံသရာကနေကို မလွတ်ထွက်နိုင်ဘူးလေ’

‘အခု မြန်မာပြည်ရဲ့ အခြေအနေဟာ နိုင်ငံတကာလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးတို့ကို ခြိမ်းခြောက်နေပါတယ်ဆိုပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တင်သွင်းဖို့ကြိုးစားနေကြတယ် မဟုတ်လား။ အရင်တပ်မတော်အစိုးရမတက်ခင် အခြေအနေနဲ့ အခုအခြေအနေကို နှိုင်းယှဉ်လိုက်ရင် နေရာတိုင်း၊ ကဏ္ဍတိုင်းမှာ ကောင်းမွန်တိုးတက်လာတယ်ဆိုတာ အားလုံးမြင်နေကြတာပဲ။ အရင်အချိန်က သောင်းကျန်းသူတွေ အခိုင်အမာ စခန်းကြီးတွေနဲ့ အခန့်သားနေထိုင်ပြီး တိုက်ပွဲကြီးတွေ ပြင်းပြင်းထန်ထန် ဖြစ်ခဲ့တယ်။ လက်နက်မှောင်ခိုနေရာကြီး ဖြစ်ခဲ့တယ်၊ ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနဲ့ ဘိန်းကုန်ကူးမှုတွေ အများအပြားရှိခဲ့တယ်။ အဲဒီတုန်းက ဘယ်သူကမှ မြန်မာနိုင်ငံရဲ့ အခြေအနေတွေဟာ နိုင်ငံတကာရဲ့ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတယ်လို့ မဆိုခဲ့ကြဘူးလေ၊ အခုလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ရောက်နေတယ်၊ သောင်းကျန်းသူလက်ကျန်အဖွဲ့အချို့လဲ အင်အားမရှိတော့ဘဲ နယ်စပ်မှာ ခွထိုင်လို့ နိုင်ငံခြားအထောက်အပံ့နဲ့ ရပ်တည်နေကြရတယ်၊ နယ်စပ်ဒေသပါမကျန် နယ်မြေစိုးမိုးနိုင်ပြီမို့ တပ်မတော်အစိုးရနဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေ ပူးပေါင်းလို့ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီ ဆောင်ရွက်ကြတာ နယ်စပ်ဒေသတွေပါ ဖွံ့ဖြိုးတိုးတက်နေပြီ။ ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ဘိန်းကုန်ကူးမှုတွေလဲ သိသိသာသာကြီးကို လျော့နည်းကျဆင်းသွားပြီး မကြာမီ ပပျောက်သွားအောင်လဲ စီမံချက်နဲ့ လုပ်နေတယ်။ ဒီလိုအချိန်မှာပဲ သူတို့မို့ ဒီလိုမဟုတ်တာတွေနဲ့ လုပ်ကြံစွပ်စွဲပြီး လုံခြုံရေးကောင်စီမှာ တင်မယ်ဆိုတာ အံ့သြစရာပါပဲ’

‘နောက်ပြီး ဂြိုဟ်တုကနေ မြန်မာနိုင်ငံကို ဓာတ်ပုံရိုက်ပြီး တပ်မတော်က ရွာတွေကို မီးရှို့တာ၊ ရွာသားတွေကို ညှဉ်းပန်းနှိပ်စက်တာ၊ အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းတာကို သက်သေပြမယ်လို့ဆိုတယ်။ ကောက်ကျစ်စဉ်းလဲတဲ့ အကြံနဲ့ ဘယ်လိုလုပ်မယ်ဆိုတာ လူတိုင်းတွက်ဆ ကြည့်မြင်သုံးသပ်နိုင်ပါတယ်။ KNUနဲ့ပေါင်းလို့ အတုတွေနဲ့ လုပ်ကြံ ဖန်တီးလုပ်ပြပြီး ရိုက်ပြလာမှာ အခုထဲက မြင်နေပါတယ်၊ ဒို့ပြည်သူတွေကို အထင်မသေးပါနဲ့လို့ ကျူးအော်လိုက်ချင်ပါတယ်’

‘မင်းတို့ ငါတို့နဲ့ ပြည်သူတွေအားလုံး သိမြင်နေရုံတင်မပြီးဘူးလေ။ သူတို့က လုပ်ကြံဖန်တီးမှုတွေကို ယုတ္တိရှိရှိနဲ့ ပြသမှာမို့ အမှန်ကို ကမ္ဘာကသိအောင်၊ နိုင်ငံတကာကသိအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့က လက်တွဲညီညီနဲ့ ပြန်ကြားရေးဝန်ကြီးပြောသလို သံတမန်နည်း၊ မီဒီယာနည်းတွေနဲ့ ပြည်တွင်းပြည်ပအားလုံးသိအောင် ဆောင်ရွက်ကြဖို့တော့ အထူးလိုမယ်လို့ထင်တယ်’

‘ဟုတ်ပ၊ ကြမ်းပိုးကနေလိပ်ဖြစ်အောင် နည်းပညာတိုးတက်မှုတွေကို အသုံးပြုလို့ အဆင့်မြင့်မြင့်နဲ့ လုပ်ကြံဖန်တီးကြမှာမို့ ဒို့နိုင်ငံအနေနဲ့ ပေါ့လို့တော့မဖြစ်ဘူး။ သတိရှိရှိနဲ့ ကာကွယ်ဖော်ထုတ်ကြရမယ်’

‘အတွင်းရေးမှူး(၁)ကကော၊ ပြန်ကြားရေးဝန်ကြီးကကော နိုင်ငံတော်အစိုးရက ရေရှည်နိုင်ငံတော်ရဲ့ အကျိုးကိုကြည့်ပြီး KNU တို့ကို ငြိမ်းချမ်းရေးတံခါးဖွင့်ထားပါကြောင်း ပြောကြားသွားတာလဲ တွေ့ရတော့ KNU တို့အနေနဲ့ အမြင်မှန်၊ အသိမှန်တွေနဲ့ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားအကျိုးကို ရှေးရှုပြီး ဆောင်ရွက်ကြပါ၊ ဒေသခံပြည်သူတွေ နှစ်ပေါင်းများစွာ စစ်ဘေးဒုက္ခဒဏ်ကို အလူးအလဲခံခဲ့ရတာ၊ အခုထိလဲ KNU ရှိရာ နယ်မြေက ဒေသခံပြည်သူတွေ ဒုက္ခခံနေကြရတာတွေကို ပြန်လည်သုံးသပ်ပြီး စာနာထောက်ထားကြပါလို့ တိုက်တွန်းချင်ပါတယ်’

ထိုသို့ စကားဝိုင်းဖွဲ့ကောင်းနေစဉ်မှာပင် အချိန်လင့်လာပြီမို့ အငြိမ်းစားတစ်သိုက် စကားဝိုင်းကို ရပ်ဆိုင်းလို့ လူစုခွဲခဲ့ကြပါသည်။ ကျွန်တော်၏ အတွေး၌မူ NLD, KNU နှင့် နိုင်ငံနှင့်လူမျိုးကို ချစ်ကြပါသည်၊ နိုင်ငံနှင့်လူမျိုးအတွက် အနစ်နာခံလုပ်နေကြပါသည်ဟု ဟစ်ကြွေးနေကြသော နိုင်ငံရေးသမားများအားလုံး၊ အဖွဲ့အစည်းအားလုံး အနေဖြင့် ဘာပဲလုပ်လုပ် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို မထိခိုက်မနစ်နာစေဘဲ လုပ်ကြပါ၊ နိုင်ငံအကျိုးနှင့် ပါတီအကျိုး၊ နိုင်ငံအကျိုးနှင့် ပုဂ္ဂိုလ် တစ်ဦးချင်း၏ အကျိုးယှဉ်လာပါလျှင် နိုင်ငံအကျိုးကိုသာ ဦးစားပေး လုပ်ဆောင်ကြပါ၊ ထိုသို့ဆောင်ရွက်မည်ဆိုပါလျှင် အားလုံးဟစ်ကြွေးတောင့်တနေကြသည့် ငြိမ်းအေးသာယာ တိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် အမြန်ဆုံး မလွဲမသွေ ပေါ်ထွက်လာနိုင်သည်ကို အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်တွေ့နိုင်ကြပါစေ၊ ပြုပြင်ဆောင်ရွက်နိုင်ကြပါစေဟူသော ဆန္ဒမွန်များ ဖြစ်ပေါ်နေမိကြောင်းပါ။ ။

မက္ကဆီကိုအသင်း အာဂျင်တီးနားကို ခြေရည်တူကစားနိုင်မှာလား ဂျာမနီအိမ်ကွင်းအားသာချက်ကို ဆွီဒင်မည်သို့ချေဖျက်မည်နည်း

ရန်ကုန် ဇွန် ၂၃

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ ၁၆သင်း တက်ရောက်လာကြသည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၄ရက်မှ ၂၈ရက်အထိ နေ့စဉ်ကျင်းပသွားမည် ဖြစ်သည်။ ဇွန် ၂၄ ရက်နှင့် ၂၅ရက်တို့တွင် ဒုတိယအဆင့် ရှုံးထွက် ပွဲစဉ်များအဖြစ် ဂျာမနီနှင့်ဆွီဒင်၊ အာဂျင်တီးနားနှင့် မက္ကဆီကိုတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ရှုံးထွက်ပွဲစဉ်(၁)

ဇွန်၂၄ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၉နာရီခွဲတွင် မြူးနစ်မြို့ရှိ Allianz Arena အားကစားကွင်း၌ ဒုတိယအဆင့်ရှုံးထွက် ပွဲစဉ်(၁) အဖြစ် ဂျာမနီအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ကမ္ဘာ့ဖလားအိမ်ရှင် ဂျာမနီအသင်းနှင့် အဝါရောင် ဆွီဒင်အသင်းတို့၏ ပွဲစဉ်မှာ ဥရောပမှ ဘောလုံးအင်အားကြီး နိုင်ငံနှစ်ခု၏ အားပြိုင်ပွဲဖြစ်သည်။ ယခုပွဲစဉ်ကို အာဂျင်တီးနား ဒိုင်လူကြီး ကားလို့စ်ဆိုင်မွန် တာဝန်ယူဆောင်ရွက်မည် ဖြစ်သည်။ အိမ်ရှင်ဂျာမနီအသင်း ဖိုလ်လုပွဲ တက်ရောက်နိုင်မည်ဟု ကြိုတင်သုံးသပ်ထားကြရာ မှန်မမှန်ကိုယခုပွဲစဉ်က အဓိကအဆုံးအဖြတ်ပေးမည့်အနေအထားဖြစ်သည်။

အိမ်ရှင် ဂျာမနီအသင်းသည် အုပ်စု(က)၌ ပါဝင်ခဲ့ပြီး ကော့စတာရီကာကို လေးဂိုး–နှစ်ဂိုး၊ ပိုလန်ကို တစ်ဂိုး–ဂိုးမရှိ၊ အီကွေဒေါကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမ ရရှိပြီး ဒုတိယအဆင့်သို့ တက်လှမ်းလာခြင်းဖြစ်သည်။ ဂျာမနီအသင်းအတွက် ကလိုဆေးက လေးဂိုး၊ ဖိလစ်လမ်း၊ ဖရင်း၊ ရှုဗီးလ်နှင့် ပိုဒေါစကီးတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ဂျာမနီအသင်းသည် ပွဲဦးထွက်၌ မမျှော်လင့်ဘဲ နှစ်ဂိုးပေးခဲ့ရသည်မှလွဲ၍ နောက်နှစ်ပွဲတွင် ပေးဂိုးမရှိခဲ့ချေ။ ဂျာမနီအသင်း၏ဂိုးရရှိမှုကို ကြည့်ပါကလည်း အဝေးမှတိုက်ရိုက်ကန်သွင်းခြင်း၊ တစ်ဦးချင်းထိုးဖောက်ဂိုးသွင်းခြင်းနှင့် အမြင့်ဘောများမှ တစ်ဆင့်ဂိုးသွင်းယူနိုင်ခြင်းဟူ၍ တွေ့ရမည်ဖြစ်သည်။ စုစုပေါင်းရှစ်ဂိုးသွင်းယူခဲ့ရာ အားကစားသမား ငါးဦးက သွင်းယူပေးနိုင်ခြင်းဖြစ်၍ ဂိုးရရှိရေးအတွက် တစ်ဦးတစ်ယောက်တည်းပေါ်၌သာ မှီခိုနေခြင်းမဟုတ်ကြောင်း သုံးသပ်နိုင်သည်။ **တိုက်စစ်မှူး ကလိုဆေးသည် တစ်ဦးတည်းလေးဂိုးသွင်းယူခဲ့ရာ အုပ်စုပွဲစဉ်များအပြီးတွင် ဂိုးအများဆုံးသွင်းယူသူအဖြစ် ရပ်တည်နေသည်။**

အောက်ခြေမလွတ်

ဂျာမနီအသင်း၏ လက်ထောက်နည်းပြ ဂျိုအာချင်က ဂျာမနီအသင်းသည် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းထက်လာပြီဖြစ်ရာ ရှုံးထွက်ပွဲစဉ်၌ ချန်ပီယံခြေစွမ်းကိုပြသမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂျာမနီအသင်းသည် ရှုံးထွက်အဆင့်၌ နာမည်ကြီး အင်္ဂလန်အသင်းနှင့် မဆုံတွေ့ရခြင်းအတွက် စိတ်သက်သာမှုရလျက်ရှိသည်။ ဂျာမနီအသင်းနည်းပြ ကလင်းစမန်းက အီကွေဒေါအသင်းအား သုံးဂိုးပြတ်အနိုင်ရရှိပြီးနောက် အသင်းသားများအား အောက်ခြေမလွတ်ကြရန် သတိပေးစကားပြောကြားခဲ့သည်။ ကလင်းစမန်းက **“မိမိတို့အသင်း၏စွမ်းအားပြည့်ကစားပုံကို ဆွီဒင်နှင့်ပွဲ၌မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းက မည်သည့်အသင်းကိုမျှ ကြောက်နေမည်မဟုတ်ကြောင်း၊ သို့သော် မိမိတို့ကစားသမားများအနေဖြင့် အောက်ခြေလွတ်မနေရန်တော့ သတိပြုရမှာဖြစ်ကြောင်း”** ပြောကြားခဲ့သည်။

ဂျာမနီဂိုးသမား လေးမန်းက ရှုံးထွက်အဆင့်၌ အင်္ဂလန်နှင့်မဆုံတွေ့ရသည့်အတွက် ကျေနပ်နေသည်။ ဂိုးသမားလေးမန်းသည် အင်္ဂလန်ရှိ အာဆင်နယ်အသင်းတွင် ကစားနေသူဖြစ်ရာ အင်္ဂလန်ကစားသမားများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ကိုမလိုလားခြင်းဖြစ်သည်။ အင်္ဂလန်အသင်းအတွက် အာဆင်နယ်အသင်းမှ အက်ရှလေကိုးလ်၊ ဂျိုကိုးလ်နှင့် ဆိုးကင်းဘဲလ်တို့ပါဝင်နေကြသည်။ ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ပွဲဦးထွက်၌မပါဝင်ခဲ့သော်လည်း ပိုလန်၊ အီကွေဒေါတို့ပွဲတွင် ပါဝင်ကစားခဲ့ရာ ခြေစွမ်းပြနိုင်ခဲ့သည်။ အီကွေဒေါနှင့်ပွဲတွင် အကောင်းဆုံးဆုရရှိခဲ့သော မိုက်ကယ်ဘောလက်က နည်းပြကလင်းစမန်းအနေဖြင့် ဂျာမနီအသင်းတွင် ကာလကြာရှည်စွာ ဆက်လက်ရှိနေသင့်ကြောင်း ပြောကြားခဲ့သည်။ ယခုပြိုင်ပွဲတွင် ဂျာမနီအသင်းမှ နောက်တန်းလူ ဖိလစ်လမ်းနှင့် ဖရိုင်းဒရစ်ချ်တို့ ခြေစွမ်းပြနိုင်၍ ကလပ်အသင်းများ၏ အာရုံစိုက်စောင့်ကြည့်ခြင်းခံနေရသည်။ ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းခြင်း ခံထားရသော ဖိလစ်လမ်း (ဘိုင်ယန်မြူးနစ်)အား ဘာစီလိုနာ အသင်းကလည်း ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။

ဆွီဒင်အသင်း

ဆွီဒင်အသင်းသည် အုပ်စု(ခ)၌ ပါဝင်ခဲ့ပြီး ပါရာဂွေးကို တစ်ဂိုး–ဂိုးမရှိနိုင်၊ အင်္ဂလန်နှင့် နှစ်ဂိုးစီသရေ၊ ထရီနီဒက်နှင့် ဂိုးမရှိသရေကျခဲ့သည်။ သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ သုံးပွဲတွင် သုံးဂိုးသွင်းယူနိုင်ခဲ့ရာ ယွန်းဘတ်၊ လာဆင်နှင့် အောဘတ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ အင်္ဂလန်အသင်းဘက်သို့ အောဘတ်သွင်းယူခဲ့သောဂိုးမှာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၂၀၀၀ပြည့်မြောက်သည့် ဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၁၉၃၀ ကမ္ဘာ့ဖလားပွဲမှ ၂၀၀၂ ကမ္ဘာ့ဖလားပွဲအထိ ၁၉၁၆ဂိုး သွင်းယူထားခဲ့ရာ အောဘတ်၏သွင်းဂိုးမှာ ၂၀၀၆ ကမ္ဘာ့ဖလားပွဲ၏ ၈၄ဂိုးမြောက် ဖြစ်သောကြောင့် ဂိုးအရေအတွက် ၂၀၀၀ပြည့်သွားခြင်း ဖြစ်သည်။ ဆွီဒင်အသင်းသည် သုံးပွဲ၌ သုံးဂိုးသာသွင်းယူနိုင်ခဲ့ရာ ဂိုးသွင်းစွမ်းရည် ကျဆင်းလျက်ရှိသည်။ ထရီနီဒက်အသင်းကို ဂိုးမရှိသရေကျခဲ့ခြင်းမှာ ဆွီဒင်အသင်းအတွက် မမျှော်လင့်သော ရလဒ်ဖြစ်ခဲ့ပြီး အုပ်စုပထမနေရာ လွဲခဲ့ရသည်။ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ် ဒဏ်ရာရရှိထား၍ အင်္ဂလန်နှင့် ပွဲတွင် မပါဝင်နိုင်ချေ။ ၎င်း၏ ဒဏ်ရာအခြေအနေ တိုးတက်မှုရှိသည်ဟု မကြားသိရသေးချေ။

ဆွီဒင်အသင်းနည်းပြ လာဂျာဘတ်က အိမ်ရှင်ဂျာမနီအသင်းအနေဖြင့် ဖိအားဒဏ်များကြောင့် အရှုံးနှင့် ရင်ဆိုင်ရနိုင်ကြောင်း ပြောကြားပြီး စိတ်ဓာတ်စစ်ဆင်ရေး ပြုလျက်ရှိသည်။ နည်းပြ လာဂျာဘတ်က **“ဂျာမနီအသင်းအနေဖြင့် အိမ်ရှင်ဖြစ်သည့်အတွက် ပရိသတ်များက ချန်ပီယံဆုဖလားရမည်ဟု မျှော်လင့်နေကြောင်း၊ ၎င်းတို့၏ မျှော်လင့်ချက် မမှားသော်**



ဂျာမနီအသင်းနှင့် အီကွေဒေါအသင်း ပွဲစဉ်တွင် ဂျာမနီအသင်းအတွက် ဒုတိယဂိုးသွင်းယူပြီးနောက် တိုက်စစ်မှူး ကလိုဆေး ဤသို့အောင်ပွဲခံပျော်မြူးခဲ့သည်။ (ကလိုဆေးသည် စုစုပေါင်း လေးဂိုးသွင်းယူထားရာ အုပ်စုပွဲစဉ်များအပြီးတွင် ဂိုးအများဆုံးသွင်းသူအဖြစ် ရပ်တည်လျက်ရှိသည်။) **(ဓာတ်ပုံ–အင်တာနက်)**

လည်း၊ ၎င်းတို့၏ မျှော်လင့်ချက်က ကစားသမားများအပေါ် ဖိအားများဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ အမှားများ ပြုလုပ်မိပြီး အရှုံးနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း” ပြောကြားခဲ့သည်။ ဂျာမနီ အသင်းသားများသည် စိတ်ဓာတ်မာကြောသည့် သံမဏိစိတ်ဓာတ်ပိုင်ရှင်များဖြစ်ရာ နည်းပြလာဂျာဘတ်ပြောသကဲ့သို့ ဖိအားဒဏ်ကြောင့် ခြေပျက်မည်လား စောင့်ကြည့်ရမည်ဖြစ်သည်။ **ဂျာမနီနည်းပြ ကလင်းစမန်းက မိမိတို့ အသင်း ဖိုလ်စွဲနိုင်လောက်သည့် ခြေစွမ်းမျိုးရှိသော်လည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း ထိန်းထိန်းသိမ်းသိမ်း ပြောကြားလျက်ရှိသည်။**

အားသာချက်

ဂျာမနီနှင့် ဆွီဒင်ပွဲအပေါ် ပွဲကြိုသုံးသပ်ရာ၌ ဂျာမနီအသင်း၏ အိမ်ကွင်းအားသာချက်ကိုလည်း မေ့ထား၍ မရချေ။ ဂျာမနီအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၇၄ကမ္ဘာ့ဖလားပွဲတွင် ချန်ပီယံဆုရခဲ့သည်ဖြစ်ရာ ယခုပြိုင်ပွဲ၌လည်း ဂျာမနီမြေပေါ်၌ ကစားရခြင်းဖြစ်၍ စိတ်ဓာတ်ရေးရာအရ အားသာချက်များရှိနေသည်။ ယခုကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဒိုင်လူကြီးများသည် အသင်းကြီးများနှင့် အသင်းငယ်များကြားတွင် ဘက်လိုက်မှုများရှိကြောင်း စွပ်စွဲခြင်းခံနေရသည်။ အမေရိကန် နည်းပြ အရီနာ၊ အိုင်ဗရီကို့စ်နည်းပြ အွန်နရီမစ်ချယ်တို့ အပါအဝင် အားကစားသမားအချို့က ထိုကဲ့သို့ စွပ်စွဲပြောကြားခဲ့ကြခြင်းဖြစ်သည်။ ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် အိမ်ရှင်တောင်ကိုရီးယားနှင့် ဂျပန်အသင်းတို့ကို ဒိုင်လူကြီးများ ဘက်လိုက်မှု ရှိခဲ့ကြောင်း အမှတ်ရကြဦးမည်ဖြစ်သည်။ ဒိုင်လူကြီးများအနေဖြင့် အိမ်ရှင်အသင်းများကို ဘက်လိုက်မျက်နှာပေးလေ့ရှိသည်မှာ မငြင်းနိုင်သော အချက်ဖြစ်သည်။ ယခုဂျာမနီနှင့် ဆွီဒင်ပွဲစဉ်၌လည်း အာဂျင်တီးနားက ဒိုင်လူကြီး ကားလို့စ်ဆိုင်မွန် အနေဖြင့် အိမ်ရှင်ဂျာမနီအသင်းကို ဥပဒေအတွင်းမှ ပါးပါးလေး ထိန်းကျောင်းသွားခဲ့သည်ရှိသော် ဆွီဒင်အသင်းအခက်အခဲတွေ့နိုင်သည်။

ဂျာမနီအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၁၉)၊ ဆွီဒင်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၁၆)ဖြစ်သည်။ ဂျာမနီနှင့် ဆွီဒင်တို့ ယခင်က (၃၁)ကြိမ်တွေ့ဆုံခဲ့ကြရာ ဂျာမနီက ၁၂ ပွဲနိုင်၊ ဆွီဒင်က ၁၃ ပွဲနိုင်၊ ခြောက်ပွဲသရေကျခဲ့သည်။ ဂျာမနီအသင်းက တစ်ပွဲထက်တစ်ပွဲ ခြေတွေ့လာနေပြီး နေရာစုံမှဂိုးသွင်းနိုင်ကြသည်။ စိတ်ဓာတ်ရေးရာ အရလည်း အပေါ်စီးမှ ရှိနေပြီး ဒဏ်ရာရ၊ ပွဲပယ်ပြဿနာ လည်းမရှိချေ။ ဆွီဒင်အသင်း၏ ခြေစွမ်းမှာ ယခင် ဆွီဒင်အသင်း ခြေစွမ်းမျိုး မတွေ့ရဘဲ တိုက်စစ် အားနည်းနေသည်။ နောက်တန်းမှာ ဂိုးပေးရမှု နည်းသော်လည်း ထရီနီဒက်နှင့် ပါရာဂွေးတို့လို တိုက်စစ် အားနည်းသော အသင်းများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ အိမ်ကွင်း အားသာချက်သာ မက ခြေစွမ်းအရလည်း အားရစရာကောင်းသော ဂျာမနီအသင်း အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းသွားမည်ဟု ထင်ပါသည်။

ရှုံးထွက်ပွဲစဉ်(၂)

ဇွန်၂၅ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက်၁နာရီခွဲတွင် လိုက်ပ်ဇစ်မြို့ရှိ Zentralstadion အားကစားကွင်း၌ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်(၂)အဖြစ် အာဂျင်တီးနားအသင်းနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယခုပွဲစဉ်ကို ဆွစ်ဇာလန်ဒိုင်လူကြီး ဘူဆက်ကာက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။ ချန်ပီယံခြေစွမ်းပြသနေသော အာဂျင်တီးနားအသင်းနှင့် အုပ်စုဒုတိယဖြင့် တက်လာသော မက္ကဆီကိုအသင်းတို့၏ ပွဲစဉ်မှာ တောင်အမေရိကတိုက်နှင့် ကွန်ကာကက်ဖ်ဒေသတို့၏ ဘောလုံးအဆင့်အတန်းကို နှိုင်းယှဉ်ကြည့်ရမည့်ပွဲကောင်းတစ်ပွဲဖြစ်သည်။

အာဂျင်တီးနား အသင်းသည် အုပ်စု(ဂ)၌ပါဝင်ခဲ့ပြီး အိုင်ဗရီကို့စ်ကိုနှစ်ဂိုး–တစ်ဂိုး၊ ဆားဘီးယားကို ခြောက်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ဟော်လန်(နယ်သာလန်)နှင့် ဂိုးမရှိသရေကျခဲ့သည်။ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိပြီး ဒုတိယအဆင့်သို့ တက်လှမ်းလာခြင်းဖြစ်သည်။ဟော်လန်(နယ်သာလန်)နှင့် ခုနစ်မှတ်စီတူညီနေ သော်လည်း ဂိုးကွာခြားချက်အရ အုပ်စု ပထမ ရခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနား အသင်းသည် စုစုပေါင်း ရှစ်ဂိုးသွင်းယူနိုင်ခဲ့ရာ ဂျာမနီနှင့်အတူ ဂိုးအများဆုံး သွင်းယူထားသော အသင်းဖြစ်သည်။ ဆားဘီးယားကို ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းမှာ အုပ်စုပွဲစဉ်များ၌ ဂိုးအများဆုံးဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ အာဂျင်တီးနားအသင်းအတွက် ရိုဒရီဂွက်နှင့် ခရက်စပိုတို့က နှစ်ဂိုးစီ၊ ဆာဗီယိုလာ၊ ကမ်ဘီယာဆို၊ တီဗက်ဇ်နှင့်မက်ဆီတို့ကတစ်ဂိုးစီသွင်းယူခဲ့ကြသည်။ အာဂျင်တီးနားအသင်းမှဆာဗီယိုလာ၊ ရီကွယ်မီးနှင့် တီဗက်ဇ်တို့ အကောင်းဆုံးဆုရရှိကြသည်။

သတိပေးစကား

အာဂျင်တီးနား အသင်းအတွက် နှစ်ဂိုးသွင်းယူပေးထားသော ဝါရင့်တိုက်စစ်မှူး ခရက်စပိုက ကစားဖော်များအား “မိမိတို့ဖိုလ်စွဲခြင်း မဟုတ်သေးကြောင်း၊ အများက ဖိုလ်စွဲနိုင်သည်ဟု အထင်ကြီးပြောကြားနေခြင်းအပေါ် စိတ်ကြီးဝင်ရန်မသင့်ကြောင်း” သတိပေးစကား ပြောကြားခဲ့သည်။ အာဂျင် တီးနားအသင်းသည် ဆားဘီးယား အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရရှိပြီးနောက် ဖိုလ်စွဲရန် ရေပန်းစားမှုတွင် ဒုတိယနေရာသို့ ရောက်ရှိလာသည်။ **အာဂျင်တီးနားအသင်းမှ လူငယ်ကစားသမား မက်ဆီသည် ယခုကမ္ဘာ့ဖလားပွဲ၏ စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံး ကစားသမားအဖြစ် ဆန္ဒမဲအများဆုံး ရရှိထားသည်။** မက် ဆီသည် ဆားဘီးယားနှင့်ပွဲတွင် ပွဲချိန် ၇၅မိနစ်၌ လူစားဝင်ကစားပြီး တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

အာဂျင်တီးနားအသင်း၏ ခြေစွမ်းအမှန်ကို အိုင်ဗရီကို့စ်နှင့်ပွဲ၌ အထင်အရှားမြင်တွေ့ခဲ့ရသည်။ ဆားဘီးယားကို ခြောက်ဂိုးပြတ် နိုင်သည်မှာ အာဂျင်တီးနား ခြေစွမ်းထက်၍ ဖြစ်သည်ကို မငြင်းလိုသော်လည်း ဆားဘီးယားအသင်းမှ နည်းပြနှင့်ကစားသမားများ မပြေမလည်ဖြစ်ပြီး အသင်းညီညွတ်မှု ပျက်ပြားခဲ့၍သာ ပေးဂိုးများခဲ့ရခြင်းဖြစ်သည်။ အာဂျင်တီးနားအသင်းသည် သရေကျရုံဖြင့် အုပ်စုပထမရရှိမည်ဖြစ်ရာ ဟော်လန်နှင့်ပွဲ၌ ခြေကုန်ထုတ် ကစားခြင်း မရှိခဲ့ချေ။ အာဂျင်တီးနား၏ ခြေစွမ်းမှာ အုပ်စုပွဲစဉ်ကထက် ပိုကောင်းလာစရာရှိ၍ ပေါ်တူဂီနည်းပြစကိုလာရီ အုပ်စုပထမအရယူသွားခြင်းပင်ဖြစ်သည်။

မက္ကဆီကို

မက္ကဆီကိုအသင်းသည်အုပ်စု(ဃ)၌ ပါဝင်ခဲ့ပြီး အီရန်ကိုသုံးဂိုး–တစ်ဂိုးဖြင့်နိုင်၊ အင်ဂိုလာနှင့် ဂိုးမရှိသရေ၊ ပေါ်တူဂီကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးပြီး အုပ်စုဒုတိယဖြင့် တက်လာခြင်းဖြစ်သည်။ မက္ကဆီကိုအသင်းသည် အီရန်နှင့်ပွဲတွင် သုံးဂိုးသွင်းယူနိုင်ခဲ့၍ တိုက်စစ်အား ကောင်းသည်ဟု သုံးသပ်ခဲ့သော်လည်း အင်ဂိုလာကို ဂိုးမသွင်းနိုင်ခဲ့ချေ။ တိုက်စစ်မှူး အိုမာဘရာဗိုနှစ်ဂိုး သွင်းနိုင်၍ စောင့်ကြည့်ခြင်းခံရသော်လည်း နောက်ပွဲများ ဂိုးထပ်မရ၍ ခြေမမှန်သေးဟု ဆိုရမည်။ ကွန်ကာ ကက်ဖ်ဇုန်မှ အမေရိကန်နှင့် ကော့စတာရီကာတို့ အိမ်ပြန်သွားကြရပြီဖြစ်ရာ မက္ကဆီကိုအသင်းသာ ကျန်ခဲ့သည်။ မက္ကဆီကို၏ ခြေစွမ်းမှာလည်း အာဂျင်တီးနားကို ခြေရည်တူယှဉ်နိုင်သည့် အနေအထား မရှိရာ ရှုံးထွက်အဆင့်နှင့် ကျေနပ်ရဖွယ်ရှိသည်။ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ပေါ်တူဂီနှင့် ကစားရာတွင် မက္ကဆီကိုအသင်းမှ ပီရက်ဇ် အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် ယခုပွဲပါဝင်ခွင့် ရမည် မဟုတ်ပေ။

မက္ကဆီကိုအသင်း နည်းပြ လာဗော်ပီက ပေါ်တူဂီနှင့်ပွဲတွင် အပိုင်ဂိုးသွင်းခွင့်များ ဆုံးရှုံးခဲ့ရခြင်းအတွက် ကစားသမားများအား ပြစ်တင်စကား ပြောကြားခဲ့သည်။ မက္ကဆီကိုအသင်းသည် ပေါ်တူဂီအသင်းကို အနိုင်ရခဲ့လျှင် အုပ်စုပထမ ရမည်ဖြစ်ရာ အာဂျင်တီးနားနှင့် ရှောင်လွှဲနိုင်မည်ဖြစ်သည်။ လက်ရှိအနေအထားတွင် အာဂျင်တီးနားခြေစွမ်း အကောင်းဆုံးဖြစ်နေရာရှောင်လွှဲနိုင်ပါက အကောင်းဆုံးပင်ဖြစ်သည်။ **မက္ကဆီကိုအသင်းသည် ကိုယ်ပိုင် ကစားဟန်ရှိသော အသင်းဖြစ်သည်။ ခွန်အားနှင့် ကျွမ်းကျင်မှုကို ပေါင်းစပ်ကစားနိုင်သည်။ အီရန်နှင့်ပွဲတွင် မက္ကဆီကိုအသင်း ကစားပုံ အဆင့်မြင့်ပြီး အတို့အဆိတ်များဖြင့် လျင်လျင်မြန်မြန် ထိုးဖောက်တိုက်စစ်ဆင်သည်။ သို့သော်လည်း အာဂျင်တီးနားက ပို၍ မြန်သည်။ ကစားကွက်ကောင်းပြီး တစ်ဦးချင်းစွမ်းရည်ကလည်း မက္ကဆီကိုထက် သာသည်။**

မြင်းကောင်းခွာလိပ်

အာဂျင်တီးနားအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၉)၊ မက္ကဆီကိုအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၄)ဖြစ်သည်။ အာဂျင်တီးနားနှင့် မက္ကဆီကိုတို့ ယခင်က (၂၂)ကြိမ်ဆုံတွေ့ခဲ့ကြရာ အာဂျင်တီးနားက ခုနစ်ပွဲနိုင်၊ မက္ကဆီကိုက လေးပွဲနိုင်၊ ၁၁ပွဲသရေကျခဲ့သည်။ အာဂျင်တီးနားအသင်းသည် ပွဲဦးထွက်၌ ခြေစွမ်းပြနိုင်သော်လည်း တစ်ပွဲထက် တစ်ပွဲခြေပျက်ခဲ့ဖူးသည့် အစဉ်အလာရှိသည်။ မက္ကဆီကိုအသင်းက ရှုံးထွက်ပွဲစဉ်များ၌ မမျှော်လင့်သောရလဒ်များ လုပ်ပြလေ့ရှိသည်။ သို့သော်လည်း ယခုပြိုင်ပွဲ၌ အာဂျင်တီးနားတို့ မြင်းကောင်းခွာလိပ်မဖြစ်နိုင်ဟုထင်ပါသည်။ အာဂျင်တီးနား အသင်းကပဲ ပုံမှန်ပွဲကစားချိန်မိနစ်၉၀အတွင်း အနိုင်ရသွားမည်ဟု ထင်ပါကြောင်း ပွဲကြိုအဖြစ် သုံးသပ်လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ – ကိုထွေး

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

လက်ရှိချန်ပီယံ ဘရာဇီးနှင့် တက်လူ ဂါနာတွေ့ အာရှမှ ဩစတြေးလျနှင့် နာမည်ကြီး အီတလီဆုံ

တင်ပြသူ **မြင့်မောင်စိုး**

ဖရန့်ဖွတ် ဇွန် ၂၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(င)မှ အီတလီအသင်းက ချက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဂါနာအသင်းက အမေရိကန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရပြီး နောက်ဆုံး ၁၆ သင်း ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်သွားသည်။

အလားတူ အုပ်စု(စ)မှ ဩစတြေးလျအသင်းသည် ခရိုအေးရှားအသင်းကို နှစ်ဂိုး–နှစ်ဂိုး သရေကစားပြီး နောက်ဆုံးရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ယင်းအုပ်စုမှ ဘရာဇီးအသင်းသည် ဂျပန်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး နောက်ဆုံး ၁၆ သင်းအုပ်စုသို့ တက်ရောက်လာသည်။

ချေပဂိုးသွင်း

ခရိုအေးရှားအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဟာရီကီးဝဲလ်ကပွဲပြီးရန် ၁၀ မိနစ်အလိုတွင် ချေပဂိုးသွင်းပြီး ဩစတြေးလျအသင်းအား ဒုတိယအကျော့ပြိုင်ပွဲသို့ ပို့ပေးနိုင်ခဲ့သည်။

ဆာနာ၏ အလွတ်တည်ကန်ဘောဖြင့် ခရိုအေးရှားတို့ ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သည်။ သို့ရာတွင် ခရိုအေးရှားနောက်တန်းလူ သောမတ်စ် လက်ထိဘောကြောင့် ဩစတြေးလျကစားသမား မိုးရီ ပယ်နယ်တီဖြင့် ချေပဂိုးသွင်းခဲ့သည်။

သို့သော်လည်း ပွဲချိန် ၅၆ မိနစ်အလိုတွင် ကိုဗက်က ခရိုအေးရှားအသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့သည်။ ဩစတြေးလျကစားသမားများသည် ချေပဂိုးသွင်းနိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားရာ ကီးဝဲလ်က ပွဲသိမ်းချိန်တွင် ချေပဂိုးသွင်းနိုင်ခဲ့သည်။

အကောင်းဆုံး အားကစားသမားဆု

ယင်းပြိုင်ပွဲ၌ ပွဲချိန် ၈၅ မိနစ်တွင် ခရိုအေးရှားမှ ဆီမစ်သည်လည်းကောင်း၊ ပွဲချိန် ၈၇ မိနစ်တွင် ဩစတြေးလျအသင်းမှ အီမာတန်သည်လည်းကောင်း၊ ပွဲချိန် မိနစ် ၉၀ တွင် ခရိုအေးရှားအသင်းမှ စီမြူနစ်သည်လည်းကောင်း အနီကတ်များရပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ပြိုင်ပွဲအလိုက် အကောင်းဆုံး အားကစားသမားဆုကို ဟာရီကီးဝဲလ်က ဆွတ်ခူးနိုင်ခဲ့သည်။

ဂျပန်အသင်းနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုသည် နှစ်ဂိုးသွင်းပေးနိုင်ခဲ့၍ ကမ္ဘာ့ဖလားသမိုင်းတွင် ဂိုးအများဆုံးသွင်းသူစာရင်း၌ ပါဝင်လာသည်။

အသက် ၂၉ နှစ်ရှိ ရော်နယ်ဒိုသည် ဂျပန်အသင်းမှ တာမာဒါက ပွဲချိန် ၃၃ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့မှုကို ပထမပိုင်းပွဲပြီးချိန်တွင် ချေပဂိုးသွင်းယူနိုင်မှုကြောင့် ကမ္ဘာ့ဖလားသမိုင်း၌ ဂိုးအများဆုံးသွင်းခဲ့သည့် ပီလီနှင့် ဂဝတ်ဒ်မူလာတို့ကဲ့သို့ ၁၄ ဂိုးသွင်းနိုင်သူဖြစ်လာသည်။

ယင်းနောက် ဘရာဇီးအသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်းတွင် ဂျူနင်ဟိုနှင့် ဂီဘာတိုတို့က သွင်းပေးခဲ့ကြသည်။ စတုတ္ထမြောက်ဂိုးကို

ခရိုအေးရှားအသင်းကို သရေကစားပြီးနောက် အောင်ပွဲခံနေသော ဩစတြေးလျအသင်းသားများ။ (အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ရော်နယ်ဒို

ဂျပန်ဂိုးသမား ကာဝါဂူချီ ကန်လိုက်သော ဘောလုံးကို ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို ဤသို့ ဖမ်းထိန်းထားခဲ့သည်။

(အင်တာနက်)

ရော်နယ်ဒိုက သွင်းယူပေးခဲ့ပြန်သည်။ ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၀ ပွဲမြောက် ဆက်တိုက်အနိုင်ရထားသည်။ ပြိုင်ပွဲအလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရော်နယ်ဒိုကပင် ဆွတ်ခူးနိုင်ခဲ့သည်။

ယှဉ်ပြိုင်ကစားရမည်

အုပ်စုဗိုလ်ဖြင့် အနိုင်ရလာသော အီတလီအသင်းသည် ဩစတြေးလျအသင်းနှင့် ဇွန် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားပြီး ဘရာဇီးအသင်းသည် ဂါနာအသင်းနှင့် ဇွန် ၂၇ ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ။

အုပ်စု(င)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
အီတလီ	၃	၂	၁	–	၅	၁	၇
ဂါနာ	၃	၂	–	၁	၄	၃	၆
ချက်	၃	၁	–	၂	၃	၄	၃
အမေရိကန်	၃	–	၁	၂	၂	၆	၁

အုပ်စု(စ)၏ ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘရာဇီး	၃	၃	–	–	၇	၁	၉
ဩစတြေးလျ	၃	၁	၁	၁	၅	၅	၄
ခရိုအေးရှား	၃	–	၂	၁	၂	၃	၂
ဂျပန်	၃	–	၁	၂	၂	၇	၁

(အင်တာနက်)

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးထူးခြားဖြစ်စဉ်များ

စုစည်းတင်ဆက်သူ **မောင်မောင်မြင့်ဆွေ**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၄ ရက် (ယနေ့) **စတင်ကစားမည်ဖြစ်ရာ ယှဉ်ပြိုင်ကစားကြမည့် ဘောလုံးအသင်းများနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။**

လက်ရှိခြေစွမ်းအတိုင်း ယနေ့ပွဲကစားမည် ဂျာမနီနည်းပြ ပြောကြား

ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်အဖြစ် ဆွီဒင်နှင့် ယနေ့ကစားမည့်ပွဲတွင် ဂျာမနီ၏ခြေစွမ်းကို အရင်ပွဲများ ကစားခဲ့သည့်အတိုင်း ဆက်လက်ထိန်းပြီး ကစားရန် ၎င်း၏ ကစားသမားများအား ဂျာမနီနည်းပြ ကလင်းစမန်းက ပြောကြားလိုက်သည်။

ဂျာမနီနည်းပြ ကလင်းစမန်း။

ဆွီဒင်အသင်းကို အထင်သေးစွာ ကစားလျှင် မမျှော်လင့်သောရလဒ် ကြုံရနိုင်ကြောင်းလည်း ကလင်းစမန်းက သတိပေးလိုက်သည်။ ယခုရရှိခဲ့သော နိုင်ပွဲများသည် အောင်မြင်မှု မဟုတ်ကြောင်း၊ အောင်မြင်မှုရရှိရန် ဆက်လက်ကြိုးစားရေး အားထည့် ကစားနိုင်ရန်သာ အရေးကြီးကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဂျာမနီတိုက်စစ်မှူး ကလိုဆေး ဂိုးအများဆုံးသွင်းထား

ကမ္ဘာ့ဖလားပထမအဆင့် အုပ်စုပြိုင်ပွဲများ ကစားခဲ့ပြီးနောက် ဂျာမနီတိုက်စစ်မှူး ကလိုဆေးသည် စုစုပေါင်း လေးဂိုးသွင်းကာ ဂိုးအများဆုံး သွင်းထားသူအဖြစ် ရှေ့ဆုံးမှ ရပ်တည်နေသည်။

ကလိုဆေးနောက်တွင် တောရက်စ် သုံးဂိုးနှင့် ရော်နယ်ဒို နှစ်ဂိုးတို့ဖြင့် အသီးသီးရပ်တည်နေကြဆဲဖြစ်သည်။

ဂျာမနီနှင့်ပွဲအတွက် ဆွီဒင်နည်းပြ ရင်လေးနေ

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်အနေဖြင့် ဂျာမနီနှင့်ပွဲတွင် ပွဲချိန်ပြည့်ပါဝင်ကစားနိုင်ဖွယ်မရှိသဖြင့် ဆွီဒင်တိုက်စစ်အတွက် အားမရဖြစ်ကာ ရင်လေးနေကြောင်း သိရသည်။

ဂျာမနီသည် တောင့်တင်းသော အသင်းဖြစ်ရာ မိမိတို့အဘက်ဘက်မှ ဟာကွက်မရှိအောင် ကစားနိုင်မှသာ အခြေအနေကောင်းနိုင်ကြောင်း ဆွီဒင်နည်းပြ လားစ်လာဂါဘက်က ပြောကြားလိုက်သည်။

အာဂျင်တီးနား ကွင်းလယ်ကစားသမား ရီကွယ်မီး။

ဆွီဒင်နည်းပြ လားစ်လာဂါဘတ်။

ယနေ့ပွဲအနိုင်ရမည်ဟု အာဂျင်တီးနား ကွင်းလယ်ကစားသမား ရီကွယ်မီး ပြောကြား

ယနေ့ကစားမည့် မက္ကဆီကိုနှင့်ပွဲသည် မိမိတို့ကစားသမားအချို့ ဒဏ်ရာရရှိမှုနှင့် အဝါကတ်ထိမှုများ ရှိနေသော်လည်း အနိုင်ရမည်ကို ယုံကြည်နေကြောင်း အာဂျင်တီးနား ကွင်းလယ်ကစားသမား ရီကွယ်မီးက ပြောကြားခဲ့သည်။

ယနေ့ပွဲ ဂိုးသွင်းနိုင်မည်ဟု မိုက်ကယ်ဘောလက် ယုံကြည်နေ

ယနေ့ ဆွီဒင်နှင့်ကစားမည့်ပွဲတွင် မိမိဂိုးသွင်းနိုင်မည်ဟု ဂျာမနီတိုက်စစ်မှူး မိုက်ကယ်ဘောလက်က ပြောကြားလိုက်သည်။

ကလိုဆေးနှင့် မိမိတို့၏ တိုက်စစ်အတွဲကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ကလိုဆေး၏ ဂိုးသွင်းမှုများကို မိမိ လေးစားကြောင်း မိုက်ကယ်ဘောလက်က ပြောကြားသည်။ ကလိုဆေးသည် ဂျာမနီ၌ ဘောလုံးသူရဲကောင်းတစ်ဦး ဖြစ်နေသည်။

ဂျာမနီတိုက်စစ်မှူး မိုက်ကယ်ဘောလက်။

- **ရော်နယ်ဒို နှစ်ဂိုးသွင်းနိုင်သဖြင့် ဘရာဇီး နည်းပြ ချီးကျူး။**
- **ဂျပန်တို့ ဘရာဇီးကို ရှုံးခဲ့သော်လည်း ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့၍ ဂျပန်ပရိသတ် ဂုဏ်ယူနေ။**
- **ဘရာဇီးအသင်း၏ ကစားပုံသည် မိမိတို့ကို မတုန်လှုပ်စေကြောင်း ဂါနာနည်းပြ ပြောကြား။**
- **ဘရာဇီးအသင်း ကမ္ဘာ့ဖလားရရှိမည့် ရေပန်းစားမှု ရာခိုင်နှုန်း ၈၀ ရှိလာ။**
- **အာဂျင်တီးနားအသင်း ဗိုလ်လုပွဲရောက်မည်ဟု မာရာဒိုနာ ယုံကြည်နေ။**

(အင်တာနက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် အမှတ်၀၀၂/စီ သဇင်ရိပ်သာ သုမင်္ဂလာအိမ်ရာ သဃ်န်းကျွန်းနေ မောင်ပိုလ်ပိုလ်သီဟ၏(၂၇)နှစ်မြောက်မွေးနေ့အလှူအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းရှိ အကျိုးတော်ဆောင်ဆရာတော်ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အရှင်သီလက္ခန္ဓ(ဗုဒ္ဓဂယာ)ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ခင်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)



ရွှေဘုန်းပွင့်စေတီရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဘုရားဝင်းအတွင်းရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်များအား ဇူလိုင် ၉ရက် (ဝါဆိုလပြည့်နေ့)တွင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ (၄၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀ဖြင့် ဂေါပကအဖွဲ့ ဖုန်း-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ လှိုင်မြို့နယ် (၇) ရပ်ကွက် ဓမ္မသုခကျောင်းလမ်း အမှတ် ၁၈၄နေ ဦးမောင်လင်း၊ ဦးတင်ဝင်းတို့အား ရည်စူး၍ ဒေါ်သန်းဌေးသားသမီး၊ မြေးမြစ်တစ်စုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အပေါင်းပါအဖွဲ့ RCSS ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အဓမ္မလူသစ်စုဆောင်းမှုများပြုလုပ်လျက်ရှိ

ရန်ကုန် ဇွန် ၂၃

SSA-Sအကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ဒေသခံတိုင်းရင်းသားပြည်သူများအား ညှဉ်းပန်းနှိပ်စက် လုယက်သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ပြီး ဆက်ကြေးကောက်ယူခြင်း၊ လူသစ်များ အဓမ္မစုဆောင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ယူရောင်းချခြင်း စသည့်အကြမ်းဖက် အဖျက်လုပ်ရပ်များကို အစဉ်တစိုက် လုပ်ဆောင်ကျူးလွန်လျက်ရှိသည်။

အဆိုပါ SSA-S အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အပေါင်းပါအဖွဲ့ဖြစ်သော ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့၏ တပ်မဟာ(၃၆၀)မှ ဗိုလ်မှူးအဆင့်ရှိ စံခေးက ဇွန် ၁၂ရက် ရက်စွဲဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဝမ်မက်ကျေးရွာ ဥက္ကဋ္ဌထံ စာတစ်စောင်ပေးပို့ပြီး ၎င်းတို့အတွက် လူသစ်များစုဆောင်းပေးပို့ရန် ခြိမ်းခြောက်တောင်းခံထားကြောင်းသိရသည်။

ယင်းစာတွင် ၎င်းတို့သောင်းကျန်းသူအဖွဲ့အတွက် ဝမ်မက်ကျေးရွာအုပ်စုမှ လူသစ်ခြောက်ဦးကို လာမည့် ဇူလိုင် ၁ရက်နောက်ဆုံးထားပြီး မောက်မယ်မြို့နယ် နားဟီးရွာသို့ ပို့ဆောင်ပေးရန်၊ ပျက်ကွက်ပါက တစ်အိမ်တစ်ယောက်နှုန်းလာရောက်ခေါ်ယူမည်ဖြစ်ပြီး တိမ်းရှောင်မှုပြုလုပ်ပါက ဝမ်မက်ကျေးရွာအား ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဟု ခြိမ်းခြောက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၀ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၈၇ရပ်ကွက်အတွင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်၍ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်သူရပ်ကွက်သားများ စုပေါင်းပြီး ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀ (၁၀ဧက) စုပေါင်း စိုက်ပျိုးကြစဉ်။

(က-ပ)

မီးစက် ငှားမည်/ ရောင်းမည်
လက်ရှိ အသုံးပြုလျက်ရှိသော
500 KVA Diesel Generator
၁ လုံး (သို့မဟုတ်) ၂ လုံး။
Tel:095127759°/°095154157

အမည်ပြောင်း ကျောက်ကြီးမြို့နယ် အထက ဆဋ္ဌမတန်းမှ (အဖ)ဦးဖုန်းကျော်(ခ)ဦးမြင့်ထွန်း၏သမီး မနွေးသိမ့်သိမ့်ကျော်အား ယနေ့မှစ၍ မရတနာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မရတနာထွန်း။**

SSAA
ဆန်စုံစုံ၊ ဆီသန့်သန့်
အရောက်ပို့
ဖုန်း-၆၆၇၀၉၃။

ရတနာ့ဂုဏ်ရည်ကျောင်း မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်လမ်း သွေးဆေးကန်တိုက် ရတနာ့ဂုဏ်ရည်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ ဦးစီး၍ ဒုတိယအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင်၄ရက် နံနက်၉နာရီမှ ဇူလိုင်၈ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဇူလိုင် ၈ရက် မွန်းလွဲ၁နာရီတွင် ရေစက်ချတရားတော် နာယူမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မင်းဘူးစည်ပင် ခြံစည်းရိုးကြက်ဆူပင် တစ်သိန်းပျိုးထောင်

ရန်ကုန် ဇွန် ၂၃

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မေ ၅ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်တစ်သိန်း ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် မြို့နယ်အမှုဆောင်အရာရှိတို့ကရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

သူနာပြုဒီပလိုမာသင်တန်းသားများ ဦးဆောင်နှင့်ဝတ်ရုံပေးအပ်ပွဲ ဖလမ်းမြို့၌ကျင်းပ

ဖလမ်း ဇွန် ၁၈

ချင်းပြည်နယ် ဖလမ်းခရိုင်ဖလမ်းမြို့၌ သူနာပြုသင်တန်းအမှတ်စဉ်(၁၃) သူနာပြုဒီပလိုမာသုံးနှစ် သင်တန်းသူ သင်တန်းသားများအား ဦးဆောင်နှင့် ဝတ်ရုံပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ သူနာပြု သင်တန်းကျောင်း သဇင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ငွေအောင်နှင့် အဖွဲ့ဝင်များ၊ ချင်းပြည်နယ်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာခင်စောမူ၊ ချင်းပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်မိုင်းလှော်န်ဘောရီ၊ သင်တန်းကျောင်း၏ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဖလမ်းအထူးကုဆေးရုံကြီးမှ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းအောင်နှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာခင်စောမူက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု)ဒေါ်မိုင်းလှော်န်ဘောရီက ဦးဆောင်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းအောင်က လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သူနာပြုသင်တန်းသူသင်တန်းသားများအားဦးဆောင်နှင့်ဝတ်ရုံများအပ်နှင်းပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မန္တလေးမြို့၌ အပန်းဖြေအနားယူနိုင်ရေး ကစားကွင်းတည်ဆောက် ကန်တော်ကြီးဥယျာဉ်သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

မန္တလေး ဇွန် ၁၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်း၊ ဦးစောလွင်နှင့်ဌာနမှူးများ လိုက်ပါလျက် ဇွန် ၇ရက် နံနက် ၈နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးဒေသ လူထုအပန်းဖြေဥယျာဉ်နှင့် ကန်တော်ကြီးဒေသ သာယာလှပရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်သည် ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် အတွင်း စိုက်ပျိုးထားသော အလှပန်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အစည်းအဝေးခန်းမတွင် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဌာနမှူး ဦးနေဝင်းမြင့်က ကန်တော်ကြီး ပြည်သူ့အပန်းဖြေဥယျာဉ်အတွင်း အပန်းဖြေအနားယူနိုင်ရေးအတွက် ကလေးကစားကွင်း တည်ဆောက်ထားမှုနှင့် ပျိုးခင်းများနေရာချထားမှု၊ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ ဌာနခွဲမှူး ဦးဝင်းမောင်က ကန်တော်ကြီးပြည်သူ့အပန်းဖြေ ဥယျာဉ်အတွင်း အပန်းဖြေ စားသောက်နိုင်ရန်အတွက် စားသောက်ဆိုင်များ နေရာချထားမှု၊ မီနီဂေါက်ကွင်း တည်ဆောက်ထားရှိမှု၊ သဘာဝဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်ကမန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသာယာလှပရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြောင်း၊ မြို့တော်နေ ပြည်သူများ စိတ်ချမ်းသာစွာ အပန်းဖြေနေနိုင်ရေးအတွက် ကန်တော်ကြီးဒေသတွင် လူထုအပန်းဖြေ ဥယျာဉ်ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ ကန်တော်ကြီးဒေသကို မန္တလေးမြို့၏ ပြည်သူများအပန်းဖြေအနားယူရာ ဥယျာဉ်ကြီးတစ်ခုဖြစ်ရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနက နေ့စဉ်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကန်တော်ကြီးဒေသလူထုအပန်းဖြေဥယျာဉ်အတွင်းရှိ ပျိုးခင်းများနှင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုနှင့် ကလေးကစားကွင်းတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။ **(တိုင်းစည်ပင်သာယာ)**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ဇီဝကလမ်းဘေးဝဲယာ နှစ်ရှည်ပင်ကြီးများ သပ်ရပ်စွာပြုပြင်ခြင်းနှင့် လမ်းဘေးမြက်ခင်းပြင်မြက်ညှိခြင်းလုပ်ငန်းများကို မေ ၁၁ ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဇွန် ၁၄ ရက်က ပေါက်ခေါင်းမြို့နယ် အတွင်းရှိ ကျေးလက်လမ်း၊ တံတားများ မိုးရာသီ၌ ပြင်ဆင်ထိန်းသိမ်းရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များဖွံ့ဖြိုးရေး ပညာပေးဆွေးနွေး ကလေးမြို့၌ သုတရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ကလေး ဇွန် ၈

ကလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်ရေရှည် ရှင်သန်ဖွံ့ဖြိုးရေး ပညာပေးအလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁ ရက်က ကလေးမြို့နယ် သာစည်ကျေးရွာ အုပ်စုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်လွင်က စာကြည့်တိုက်များ ရေရှည် ရှင်သန်ဖွံ့ဖြိုးရေး၊ စာကြည့်တိုက် အင်္ဂါရပ်များနှင့် စာကြည့်တိုက် တာဝန်ခံများ လုပ်ငန်းကျွမ်းကျင်မှု ရှိရေးတို့ကို ဆွေးနွေးဟောပြောပြီး ဒုတိယ ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် နှင့်စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးကြသည်။

လှူဒါန်း

ထို့နောက် သာစည်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ ရသစာအုပ်မျိုးစုံ အုပ် ၃၀ နှင့် ကျေးရွာအလှူရှင်များက စာအုပ်မျိုးစုံ ၃၅၇ အုပ်ကို ဦးစီးအရာရှိ ဦးတင်မောင်လွင်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြိုင်ကလက်ခံရယူသည်။ (၄၁၇)

တိုက်ကြီးမြို့ ရှမ်းစုရပ်ကွက် ဂျိုးဖြူကန်လမ်းဘေး မြေကွက်လပ်တွင် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းမြေချ စိုက်ပျိုးမှုကို ဇွန် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၁)ရက်
၂၅-၆-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့်နည်းပညာတိုးတက်မှု အကြောင်း-သိပ္ပံမှူးတင်)
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁း၃၀ မေတို့တွက်တာ လုကမ္ဘာ (ပင်ကိုအလှကို ပိုမိုပေါ်လွင်စေမှာ)
၁၁း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မင်းမျက်ဝန်းအိမ်ထဲမှာကိုယ့်အရိပ်
(၂) မိုးဒေဝါ
(၃) ဘယ်မှာလဲအချစ်ရယ်
၁၂း၀၀ ကလေးများအတွက် ပုံပြင် (ခိုကလေးကူလူ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (နားလည်ခွင့်လွှတ်နိုင်မှာပါရတနာ)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (အနုပညာတွင် သူဘုရင်-သာရဝေါစိုးကြည်)

ညနေပိုင်း

၁၆း၁၀ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်(စ်) ပဟေဠိ
၁၆း၃၀ **၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇း၀၀ သူ့လက်သံ (မြန်မာ့အသံ မြစတင်း၏ သံပတ္တလားလက်သံ)
၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့သမိုင်းထဲက သေနင်္ဗျူဟာစစ်သုံး အနုပညာ-ညွှန့်ဟံ-ကြူတော)
၁၇း၃၀ တေးသံရှင်အကြိုက် (ကိုလေးအောင်)
၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၉း၁၅ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆုရတေးများ)
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ English Lesson Working ˚Knowledge
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အရပ်မြင့်၍ကြည့်ကောင်းသည်
(၂) အချည်မှားသောကြိုး
(၃) အိမ်အပြန်မှန်ကြည့်လိုက်ပါ့မယ်

သွေးအလှူရှင်များဂုဏ်ပြုပွဲ ပျဉ်းမနား၌ကျင်းပ

ပျဉ်းမနား ဇွန် ၁၇

ပျဉ်းမနားမြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ ဆေးရုံကြီးကြပ်မှု ကော်မတီက ကြီးမှူးကျင်းပသော ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် ပထမအကြိမ် သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ဇွန် ၁၄ရက်မွန်းလွဲ ၂နာရီက အဆိုပါဆေးရုံအစည်းအဝေးခန်းမတွင်ကျင်းပရာ ဆေးရုံအုပ်ဒေါက်တာ ဦးအေးကိုကိုက တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

အမှာစကားပြောကြား

ထို့နောက် အခမ်းအနားမှူးအဖြစ် ဓာတ်ခွဲခန်းတာဝန်ခံ ဦးသန်းထွန်းအောင်က ဆောင်ရွက်ပြီး ဆေးရုံအုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပြောကြား

ဆက်လက်၍အထူးကု ဆရာဝန်ကြီးများ၊ ဆေးရုံကြီးကြပ်မှု ကော်မတီဝင်များက (၂၅)ကြိမ်မှအကြိမ် (၄၀) အထိ ၇၅ ဦး၊ (၄၁)ကြိမ်မှ အကြိမ် (၆၀) အထိသွေးလှူရှင် ၁၀ ဦး၊ ၆၁ ကြိမ်နှင့်အထက် သွေးလှူရှင် ငါးဦးတို့အား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ပြီး သွေးလှူရှင်များကိုယ်စား (၆၃)ကြိမ်မြောက် သွေးလှူရှင် ဦးကိုကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၁၀၁)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့အတွက် စက္ကူနှင့်ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက္ကူနှင့်ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်–

(က) **ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

(1)	Newsprint Paper (48.8 Gsm) (28 $^{1}/_{4}$", 30", 34", 40")	၁၅၀၀	တန်
(2)	Woodfree Paper		
	(a) 30" (Roll)	၄၀	တန်
	(b) 31"x34"(sheet)	၂၀	တန်
	(c) 23 $^{1}/_{2}$" x 33" (A1 Size) Sheet	၁၅	တန်
(3)	Art card (260/275 Gsm) 31"x43" Sheet	၂	တန်
(4)	Art Paper (105 / 110 Gsm) 31"x43"	၆	တန်
(5)	Web Offset Ink		
	(a) Black	၂၀၀၀၀	ကေဂျီ
	(b) Yellow	၃၀၀၀	ကေဂျီ
	(c) Magenta	၂၀၀၀	ကေဂျီ
	(d) Cyan	၂၅၀၀	ကေဂျီ
(6)	Sheetfed Offset Ink		
	(a) Black	၁၀၀၀	ကေဂျီ
	(b) Yellow	၅၀၀	ကေဂျီ
	(c) Magenta	၃၀၀	ကေဂျီ
	(d) Cyan	၅၀၀	ကေဂျီ
	(e) Green	၁၂၀၀	ကေဂျီ
(7)	ပုံတူကူးဖလင် (Ortho Film)ပုံဖော်ဆေး Developer	၂၀၀	ထုပ်
(8)	အရောင်ခွဲဖလင် (460mmx60m)	၄၀	လိပ်
(9)	Negative Plates		
	(a) 915x626x0.3 mm	၂၀၀၀	ချပ်
	(b) 1035x740x0.3mm	၆၀၀	ချပ်
	(c) 650x550x0.3 mm	၅၀၀	ချပ်
	(d) 889x609x0.3mm	၁၂၀၀	ချပ်
	(e) Developer(ပုံဖော်ဆေး)	၂၀၀	လီတာ
(10)	Positive Plates		
	(a) 740 x 615 x 0.3 mm	၃၀၀	ချပ်
	(b) 635 x 745 x 0.3 mm	၁၀၀၀	ချပ်
(11)	Wipeon Developer		
	(a) Coating A+B	၆၀	စုံ
	(b) Developer	၃၀	လီတာ
(12)	Binding Cloths		
	(Assorted 6 Colour 100 Meter /Roll)	၁၀၀	လိပ်
(13)	Rubber Blanket		
	(a) 785 x 740 x 1.9	၅၀	ချပ်
	(b) 840 x 865 x 1.9	၂၆	ချပ်
	(c) 1136 x 770 x 1.9	၂၅	ချပ်
(14)	Dampening Roller		
	(a) 180 mm	၆	လိပ်
	(b) 230 mm	၅	လိပ်

(ခ) **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

(1)	Newsprint Paper (48.8 Gsm) (30")	၁၀၀၀	တန်
(2)	Web Offset Ink (Black)	၂၅၀၀၀	ကေဂျီ
(3)	Sheetfed Offset Ink (Black)	၂၅၀၀	ကေဂျီ
(4)	P/S Negative Plates		
	(a) 915 x 626 x 0.3 mm	၁၀၀၀	ချပ်
	(b) 889 x 609 x 0 .3 mm	၃၀၀၀	ချပ်
	(c) 889 x 586 x 0 .3 mm	၄၀၀၀	ချပ်
(5)	Wipe on Aluminium Plates		
	(a) 745 x 635 x 0 .24 mm	၂၀၀၀	ချပ်
	(b) 650 x 550 x 0.24 mm	၁၅၀၀၀	ချပ်
(6)	Coating A+B Set	၄၅၀	စုံ
(7)	P/S Negative Developer	၁၀၀	လီတာ
(8)	Developing Lacquer	၄၅၀	လီတာ
(9)	Ortho Film (Roll) Agfa	၄၅	လိပ်
(10)	Agfa Film (Sheet)	၁၅၀	ဘူး
(11)	A3 Toner Hp Laser Jet 5000	၅၅	ဘူး
(12)	Gestetner Ink Tube (Duplicating Ink Tube)	၂၅၀	ဘူး
(13)	Gum Arabic	၃၅၀	လီတာ
(14)	Imagesetter		
	(a) Film (55.9cm x 61m)	၅၄	လိပ်
	(b) Developer	၅၄၀	လီတာ
	(c) Fixer	၅၄၀	လီတာ

၂။ တင်ဒါပေးသွင်းမှုကို ၇-၇-၂၀၀၆ ရက် ၁၆:၃၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း၊ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း–၅၃၇၆၈၅။

ကြော်ငြာစာ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် အကွက်အမှတ်(၁၂၃)၊ ဦးပိုင်အမှတ်(၂၆) ၈၇လမ်း၊ ၁၈ x ၁၉ လမ်းကြား ဘိုးဘွားပိုင်မြေကွက်အား ဒေါ်အေးအေးသန့် မှတ်ပုံတင်အမှတ် ၅/ဘတလ(နိုင်)၀၅၄၈၅၅ က အမှုတွဲအမှတ် ၀၀၈၆/ဘ(ပြောင်း) ၂၀၀၆–၂၀၀၇ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် နယ်မြေ(၁) စပယ်ဦးနေ မှတ်ပုံတင် လျှောက်ထားဆဲ မမြမြစီ(ခ)မစန္ဒာအောင်သည် မိဘများ ခွင့်မလွှတ်နိုင်သည့်ကိစ္စပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

စုံစမ်းမေးမြန်းခြင်းသည့်ခံပါ။

အဖ– ဦးသန်းငွေး
၉/မထလ(နိုင်)၀၁၃၅၆၆
အမိ– ဒေါ်ခင်သန်းဝင်း(ခ)ဒေါ်ဝင်း
၉/မထလ(နိုင်)၀၁၃၅၆၇။

ညှိနှိုင်းဈေးဖြင့်ရောင်းမည်

ရန်ကုန်မြို့ ရွှေပြည်သာ VIP အကွက်ကြီး ၁၆ တော်ဝင်လမ်းနှင့် နွယ်သာဂီလမ်းဆုံအနီးမြေ (ပေ၆၀ xပေ၈၀)ပေါ်ရှိ နှစ်ထပ်တိုက်(BN), 1MBR ,5 BR ဖုန်းပါ ရေ၊ မီးစုံ၊ ကားဂိုဒေါင်သီးသန့်ပါ။

ဆက်သွယ်ရန် ဖုန်း–၀၈၁–၅၀၂၅၈

၀၈၁–၅၀၄၇၅

(ပွဲစားမလို)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၁၉၅၉၂ ကန်ဘိုဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဇော်ဦး မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်) ၀၃၇၃၄၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**

(မန္တလေး တောင်ပိုင်း၊မြောက်ပိုင်း)
မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၅၆၉၃၊ (Hi-BIRD M/C) ယာဉ်လက်ဝယ်ရှိသူ အမည် ဦးတင်မောင်ဦး မှတ်ပုံတင်အမှတ် ၉/အမရ(နိုင်)၁၁၆၄၅၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**

(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့။

အမည်ပြောင်း

အဖ ဦးရဲမြင့်နိုင် ၁၃/ကခန(နိုင်) ၀၀၆၄၈၃ ၏ သားဖြစ်သူ အင်းတကော် အထက တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်အောင်သီဟနိုင်အား မောင်အောင်သီဟဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်သီဟ။

အမည်ပြောင်း

ဦးမြင့်ဦး၏သမီး အထက(၅) မရမ်းကုန်း Grade-1(B)မှ မချမ်းမြေ့ငြိမ်းအား မခိုင်ဇာသွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်ဇာသွယ်။

မိုးစပါး၊ သီးနှံစုံနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး လျာထားကျေပြည့်မီရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

နောင်တရား ဇွန် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး၊ သီးနှံစုံနှင့် ခြံစည်းရိုးကြက်ဆူပင် လျာထားချက်ကျေပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၇ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးတိုးမင်းနှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးခင်ဇော်တို့က မိုးစပါး၊ သီးနှံစုံစိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူလျာထားချက် အပြည့်အဝစိုက်ပျိုးရေးတို့ကို ရှင်းလင်းပြောကြားသည်။

ခြံစည်းရိုးကြက်ဆူစံပြစိုက်ခင်းကို နမ်းပုလင်းကျေးရွာအုပ်စု ထီရိုးရွာအဖြစ် ရွေးချယ်သတ်မှတ်ပြီး ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက စုပေါင်းစိုက်ပျိုးကြသည်။ **(၃၆၉)**

ဂုဏာဝိသိဋ္ဌပူဇော်ပွဲ ရေဦးမြို့၌ ကျင်းပ

ရေဦး ဇွန် ၁၅

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းတိုက်မှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သာသနာ့တက္ကသီလ ဓမ္မာစရိယ B.A (Buddhism)ဘွဲ့ရ ဘဒ္ဒန္တတိဿအား ဂုဏာဝိသိဋ္ဌပူဇော်ပွဲ အခမ်းအနားကို ဇွန် ၈ ရက် နံနက်က မွေးရာ ဇာတိဖြစ်သော ရေဦးမြို့နယ် ရွာမိတ်သာ ကျေးရွာအုပ်စု ရွှေသိမ်တော်ကျောင်းတိုက် အလှူတော်မင်္ဂလာမဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ငါးပါးသီလခံယူ

ပူဇော်ပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး တက်ရောက်လာကြသော တပည့်ဒါယကာ၊ ဒါယိကာမများက ရေဦးမြို့ ဓမ္မာရုံကျောင်းတိုက်မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိလာသဂုဏ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထင်ကျော်အေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြရာ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဘဒ္ဒန္တတိဿက ဩဝါဒကထာ မြွက်ကြားသည်။ ထို့နောက် ကြွရောက်လာကြသော သံဃာတော်အပါး ၅၀တို့အား ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။ **(၃၇၈)**

မြောင်းမြခရိုင် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို မေ၁၉ရက်က စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်းအတွင်း ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပင်များ ပြုပြင်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံ ဝတ်စုံနှင့် အလှူငွေ ထန်းတပင်၌ ပေးအပ်

ထန်းတပင် ဇွန် ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင် နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး၊ ဝတ်စုံ၊ စာရေးကိရိယာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေက မသန်စွမ်းကျောင်းသားတစ်ဦးအား အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး ဆောင်ရွက်မှုကို ဇွန် ၁၀ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးယုတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အမှိုက်များရှင်းလင်း

မြစ်ကြီးနား ဇွန် ၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (သန့်) ဦးသန်းဝင်းနှင့် ရေ၊ မီး ပန်းဥယျာဉ် တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးအောင်မျိုးသက်တို့ ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပြည်ထောင်စုလမ်းမကြီးနှင့် ဆွမ်ပရာဘွမ်လမ်းမကြီး ဝဲယာ ရေထွက်ပေါက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂၄ ရက်က အမှိုက်များ၊ နုန်းမြေများ ရှင်းလင်းမှုကို အင်ဂျင်နီယာမှူး ဦးသိန်းမြင့်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မိုးစပါးလျာထားချက်ပြည့်မီကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးထုတ်လုပ် ခြံစည်းရိုးကြက်ဆူပင်များ တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိစိုက်ပျိုး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေး ပိုမိုကြိုးပမ်းအားထုတ်

ရန်ကုန် ဇွန် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၂၁ရက် နံနက်၇နာရီတွင် နေပြည်တော်မှ ပဲခူးတိုင်း ရေနီမြို့သို့ရောက်ရှိရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

အမှာစကား ပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျောက်ကြီးမြို့ နယ်မြေခံ တပ်နယ် စုပေါင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်ရောက်ရှိနေ ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မီဒီယာအချို့ တည်ငြိမ်ဖွံ့ဖြိုးမှုကို မျက်ကွယ်ပြု ပြည်တွင်းရေးစွက်ဖက် ထိပါးနှောင့်ယှက်မှုမှန်သမျှကို မပြတ်သောသတိဖြင့် တွန်းလှန်ကာကွယ်တိုက်ဖျက်

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(ဇွန် ၂၄ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။



၂၀၀၆ ကမ္ဘာ့ဖလား ရှုံးထွက်ပွဲစဉ်နှင့် သူတို့ အမြင်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပထမအဆင့်ပွဲစဉ်များ ကစားပြီးဖြစ်ရာ ဇွန် ၂၄ရက် (ယနေ့) **ရှုံးထွက်ပွဲစဉ်များ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်၍ ၎င်းပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို မြန်မာ့အလင်းပရိသတ်အတွက် ဆက်သွယ်မေးမြန်း ဖော်ပြလိုက်ပါသည်။**

သတင်းစာဆရာနှင့် ဝါရင့်အားကစားကလောင်ရှင် ဆရာမောင်ရဲဝင်း (ဦးထွန်းသာ)

- ဂျာမနီနဲ့ ဆွီဒင်ပွဲမှာ ဂျာမနီ ခြေစွမ်းပိုကောင်းတယ်၊ ဂျာမနီထက် ဆွီဒင်တို့ အတွေ့အကြုံပိုနည်းတယ်။ ဆွီဒင်တို့ ဂျာမနီကို မကျော်နိုင်ပါဘူး။ ဂျာမနီအနိုင်ရဖို့ များပါတယ်။
- အာဂျင်တီးနားနဲ့ မက္ကဆီကိုပွဲတော့ အာဂျင်တီးနားတို့ အုပ်စုပွဲကစားခဲ့တာ အရမ်းကောင်းတယ်။ တကယ်တမ်း အားနဲ့ခွန်နဲ့ ပြိုင်ကစားရင် မက္ကဆီကို မယှဉ်နိုင်ဘူး။ အာဂျင်တီးနားတို့က မက္ကဆီကိုထက် တစ်ဦးချင်းစွမ်းရည် ပိုကောင်းပါတယ်။ အာဂျင်တီးနားနိုင်မယ့်ပွဲလို့ ထင်တယ်။

စာမျက်နှာ ၅ ကော်လံ ၅ ■